ဒို့တာဝန်အရေးသုံးပါး
♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ
နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ

the Myawady Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၇)၊ အမှတ်(၈၉)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံမှပြန်လည်ရောက်ရှိ




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန်ညနေ ၃ နာရီခွဲတွင် နယူးဒေလီမြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ စာမျက်နှာ ၁၆ ကော်လံ ၁ ★

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် စာ- ၁၀သို့

ရန်ကုန်မြို့၌ ထပ်မံတည်ဆောက်မည့် ဆိပ်ခံတံတားများတွင် ကုန်အမျိုးအစား သီးသန့်ခွဲခြားမှုပါဝင်မည် စာ- ၃သို့

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ဗိုလ်ချုပ်အောင်ဆန်း မေ့သက်ပန်း

ပန်းမော်ညိုနွဲ့ စာ- ၄သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၆˚C / ၃၄˚C |
| ရန်ကုန် | ၂၃˚C / ၃၀˚C |
| မန္တလေး | ၂၅˚C / ၃၆˚C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ဆောင်းပါး

ရင်ခွင်ပိုက်အရွယ်သားချော့တေးနှင့် မိရိုးဖလာ ကလေးကဗျာများ

ရေနံ့သာမောင်ကျော်ညွန့် စာ- ၁၃သို့




www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

## အယ်ဒီတာ့ အာဘော်

(၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်)

# သဲကန္တာရဖြစ်ထွန်းမှုကာကွယ်ရေးအားလုံးပါဝင်

မြန်မာနိုင်ငံ၌ ယခုရက်ပိုင်းအတွင်းကျင်းပသော ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးများ၌ အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန်ကိစ္စ နှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီးတက်ရောက်ရှင်းလင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို နိုင်ငံအဆင့်အဖွဲ့ဝင် ၈၄ နိုင်ငံ၊ အစိုးရဌာနအဖွဲ့အစည်းအဆင့်အဖွဲ့ဝင် ၁၂၀ ဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းအဆင့်အဖွဲ့ဝင် ၉၈၂ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များလိုက်နာရန် တာဝန်ရှိသော စည်းမျဉ်းအပိုဒ် ၂၂ အရ အဖွဲ့ဝင်များက နှစ်စဉ်ကြေးပေးသွင်းကြရသည်။ အဖွဲ့ဝင်များကပေးသွင်းကြရမည့် နှစ်စဉ်ကြေးနှုန်းထားသတ်မှတ်ခြင်းကို လေးနှစ်တစ်ကြိမ် ကျင်းပသည့် ယင်းအဖွဲ့၏ ကမ္ဘာ့ထိန်းသိမ်းရေးညီလာခံကာလအတွင်း ဆောင်ရွက်လေ့ ရှိကြောင်းသိရသည်။

နိုင်ငံအဆင့်အဖွဲ့ဝင်များအတွက် အဖွဲ့ဝင်ကြေးသတ်မှတ်ချက်အရ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ဖြစ်လာပါက ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်းထည့်ဝင်ရမည့်နှစ်စဉ်ကြေး သည် CHF(Swiss France) ၁၅၅၂၀ ပေးသွင်းရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်ဖြစ်လာပါက ရရှိနိုင်သောအကျိုးကျေးဇူး များမှာ အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပိုမိုဆက်သွယ် ဆောင်ရွက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေအရင်းအမြစ်များ ပိုမိုရရှိနိုင်သည်။ ထို့ပြင် ယင်းအဖွဲ့က ကမ္ဘာတစ်ဝန်းဆောင်ရွက်လျက်ရှိသောလုပ်ငန်း များမှ သုတေသနရလဒ်များ၊ အတွေ့အကြုံများနှင့် အခြားအကျိုးကျေးဇူးများကိုပါ မြန်မာနိုင်ငံကရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကဆောင်ရွက်နေသော မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုလျှော့ချရေး၊ သဘာဝဘေးအန္တရာယ်လျော့နည်းသက်သာရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် များနှင့်စပ်လျဉ်းသောကိစ္စများကို လွှတ်တော်အစည်းအဝေးများ၌ ဆွေးနွေးကြသည်။ သဘာဝဘေးအန္တရာယ်လျော့နည်းသက်သာရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော လုပ်ငန်းများဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုကြောင့် ရာသီဥတုဖောက်ပြန်မှုကိုထိန်းသိမ်း ရေးအတွက် အပင်နှင့်ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်းသည် သဘာဝတရားကြီးက သူ့သဘောသူဆောင်၍ ပျက်စီးခြင်း၊ လူတို့၏ပယောဂကြောင့်ပျက်စီးခြင်းဟူသောအကြောင်းတရားနှစ်ခု၏ အကျိုးသက်ရောက်မှုဖြစ်သည်။

မြန်မာနိုင်ငံသစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုများ ထိန်းသိမ်း ကာကွယ်ရေးအတွက် နိုင်ငံတော်အစိုးရ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက် လျက်ရှိရာ တရားမဝင်သစ်ထုတ်လုပ်မှုများမှ ဖမ်းဆီးရမိသောသစ်များမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) နိုလမ်ဒေသ၌ တရားမဝင်သစ်စုစုပေါင်း ၁၃၂၉ ဒသမ ၆၂ တန်၊ ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသတွင် တရားမဝင်သစ်စုစုပေါင်း ၇၀၄၃ ဒသမ ၈၈၄ တန် ဖမ်းဆီးရမိခဲ့သည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားမဝင်သစ်ထုတ် လုပ်ငန်းများမှ ဖမ်းဆီးရမိသည့်သစ်များကို ပြင်ပသို့ရောင်းချလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမှုပြီးပြတ်၍ ပုံစံ(ဂ)ဝင် တရားမဝင်သစ် ကျွန်း၊ သစ်မာ(လုံး/ခွဲသား) စုစုပေါင်း ၃၄၂၂၁ တန်ဖြစ်သဖြင့် ကြမ်းခင်းဈေးနှုန်းများအရ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၈၅၀ ကျော်နှင့် အလားတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ၅၀၂၄၅ တန်ကို ကြမ်းခင်းဈေးများအရ စုစုပေါင်းငွေကျပ်သန်း ၅၃၀၀ ကျော်အသီးသီးရရှိခဲ့ကြောင်း ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်ကျင်းပသည့် နေ့တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကပြောသည်။

အထက်ပါစာရင်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖမ်းမိသောတရားမဝင်သစ် တန် ၃၄၂၂၁ တန်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းဖမ်းမိသောတရားမဝင်သစ် တန် ၅၀၂၄ တန်ရှိသဖြင့် တရားမဝင်သစ်ထုတ်လုပ်မှု ပိုများလာသည်ဟုဆိုရမည်ဖြစ်သည်။ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းခြင်းသည် စိမ်းလန်းစိုပြည်သော ကမ္ဘာမြေကို သဲကန္တာရအဖြစ်သို့ပြောင်းလဲသွားမည့်အန္တရာယ်ဖိတ်ခေါ်ခြင်းဖြစ်ပေရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံသားအားလုံးပါဝင်ကြရမည်ဖြစ် ကြောင်း မြဝတီက တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ကျိုင်းတုံမြို့၌ သံဃာတော်များနှင့် သီလရှင်များအား ဝါတွင်းကာလဆွမ်းလောင်းလှူပွဲပြုလုပ်



သံဃာတော်များထံ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေး ဆွမ်းဆက်ကပ် လောင်းလှူစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ သံဃာတော်များနှင့် သာသနာ့အနွယ်ဝင် သီလရှင်များအား ဝါတွင်းကာလ စုပေါင်း ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် ခေမာရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရား ကြီး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့်အဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ဒေသခံပြည်သူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးနှင့် အလှူရှင်များက ရပ်တော်မူဘုရားကြီး၏ အာရုံခံတန်ဆောင်း၌ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူ ပူဇော်ကြသည်။ ထို့နောက် ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းမှ သံဃာတော် ၄၅၀ ပါးနှင့် သာသနာ့အနွယ် ဝင်သီလရှင် ၅၀ ပါးတို့ကို ဆွမ်းဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သတင်းရရှိ သည်။

(၁၀၀)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အသက် ၇၀ နှစ်အထက် မှီခိုသူ အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အာဟာရကျွေးမွေးခြင်းများဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ်သက်ထွန်းဦး ဇေယျာသီရိ မြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့က အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ အသက် ၇၀ နှစ်အထက် မှီခိုသူ အဘိုး၊ အဘွား ၈၉ ဦးအား ယနေ့နံနက်ပိုင်း တွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံကြီးမှ ဆေးကုသ ရေးအဖွဲ့က နဝဒေးခန်းမ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ပေး သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာ ကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးချုပ်သက်ထွန်းဦးနှင့်အဖွဲ့ဝင် များက သွားရောက်ကြည့်ရှု၍ လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇူလိုင် ၁၅

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဒုတိယဗိုလ်မှူးကြီးသက်အောင်
စာတည်းမှူး(မြန်မာ) - ဗိုလ်မှူးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးထင်မောင်သန်း
စာတည်းအရာရှိများ - ဗိုလ်ကြီးထက်မျိုးရှိန်၊ ဗိုလ်ကြီးထွန်းထွန်းနိုင်၊ ဗိုလ်ကြီးထက်မြတ်၊ ဗိုလ်ကြီးရဲနိုးအောင်
စာတည်း(ကျွမ်းကျင်)များ - ဦးအောင်းထင်၊ ဦးသိန်းသူ၊ ဦးတိုးတိုးအောင်၊ ဦးညွန့်ဝင်း
နေပြည်တော်သတင်းတာဝန်ခံ - ဗိုလ်ကြီးညွန့်ဇော်အောင်
ရန်ကုန်သတင်းတာဝန်ခံ - ဗိုလ်မှူးမျိုးဇော်၊ ဗိုလ်ကြီးစံမင်းသူ

နေပြည်တော် - စာတည်းအဖွဲ့ ၀၃၀-၇၃၉၉၉၊ ဖက်စ် ၀၃၀-၇၃၉၉၉/၀၄၂-၃၀၂၆၂ ဖြန့်ချိရေး/ကြော်ငြာ ၀၃၀-၇၃၀၀၆၊ ၀၃၀-၇၃၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ) - စာတည်းအဖွဲ့ ၀၃၀-၇၃၀၂၂၊ ဖြန့်ချိရေး ၀၁-၄၀၀၆၉၁၊ ကြော်ငြာ ၀၁-၄၉၇၃၃၁၊ အမှတ်(၁၅) ထင်မြမိုးတောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေး(ရုံးခွဲ) - တာဝန်ခံ ၀၉-၄၀၀၄၀၄၂၀၆၊ ၀၂-၆၆၆၅၁၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၄၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၀၀ ခုနှစ် ဧပြီလ ၁ ရက်
E-Mail - mwdpress@hotmail.co.uk Website - www.myawady.net.mm

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# ရန်ကုန်မြို့လယ်ရှိ ရိုးမစင်ထရယ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ရာ လေးနှစ်ခန့်အချိန်ယူတည်ဆောက်မည်



ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့လယ်၌ တည်ဆောက်လျက်ရှိသည့် ရိုးမစင်ထရယ်စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ရာ ယင်းစီမံကိန်းကို လေးနှစ်ခန့်အချိန်ယူတည်ဆောက်ရမည်ဖြစ်ကြောင်း Yoma Strategic Holding ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

Yoma Strategic Holding ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ သမိုင်းဝင်မီးရထားရုံးချုပ်နေရာကို ရှေးမူမပျက်ပြင်ဆင်၍ ဟိုတယ်လုပ်ငန်းအပါအဝင် လူနေအိမ်ခန်းနှင့် ရုံးခန်းများပါဝင်သောစီမံကိန်းကို စတင်တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့လယ်ရှိ မြေ ၁၀ ဧကတွင် တည်ဆောက်လျက်ရှိသော ယင်းစီမံကိန်းတွင် Peninsular ဟိုတယ်အပါအဝင် ရုံးခန်းများပါဝင်သော တာဝါနှစ်လုံး၊ ဟိုတယ်တစ်လုံးနှင့် လူနေအိမ်ခန်းများပါဝင်သော Apartment များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် မြန်မာနိုင်ငံဘက်မှ Yoma ဘက်က ၁၂ ရာခိုင်နှုန်း၊ Yoma Strategic Holding က ၄၈ ရာခိုင်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံမှု ၆၀ ရာခိုင်နှုန်းရှိပြီး မစ်ဆူဘီရှီကော်ပိုရေးရှင်းက ၃၀ ရာခိုင်နှုန်း၊ The International Finance Corporation (IFC) က ၅ ရာခိုင်နှုန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

(၄၄၇)

# ရန်ကင်းမြို့နယ်နှင့် ဆက်စပ်မြို့နယ်တို့၌ အိမ်ငှားရမ်းမှုများပြား

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အိမ်ခြံမြေဈေးကွက်၌ ရောင်းဝယ်မှုအေးနေသော်လည်း အငှားဈေးကွက်မှာ ပုံမှန်ဖြစ်နေပြီး ရန်ကင်းမြို့နယ်နှင့် ဆက်စပ်မြို့နယ်တို့၌ ငှားရမ်းမှုပိုမိုများပြားကြောင်း သိရသည်။

"လက်ရှိ အိမ်ခြံမြေဈေးကွက်အနေနဲ့ အေးတယ်လို့ပြောကြပေမယ့် အငှားဈေးကွက်ကတော့ ပုံမှန်ရှိနေပါတယ်၊ ဈေးတော့ နည်းနည်းကျတယ်။ ရန်ကုန်ဧရိယာဆိုရင် ရန်ကင်း၊ ဘောက်ထော်နဲ့ တောင်ဥက္ကလာပဘက်မှာ အငှားပိုလိုက်ပါတယ်။ ရန်ကင်းမြို့နယ်ကို ပိုကြိုက်ကြပါတယ်" ဟု မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင် ဒေါ်နုနုအေးကပြောသည်။

ဘောက်ထော်နေရာသည် ဈေးနှုန်းမြင့်သည့်အတွက် ပြည်တွင်းမှ ငှားရမ်းမှုနည်းပါးပြီး နိုင်ငံခြားသားများသာ ငှားရမ်းမှုများသည်။ ရန်ကုန်မြို့၌ လာရောက်အလုပ်လုပ်ကိုင်ကြသည့်နိုင်ငံခြားသားများအနေဖြင့် သင့်လျော်ရာတိုက်ခန်းများတွင်သာ ငှားရမ်းနေထိုင်မှုများလာကြောင်း သိရသည်။

"ဘောက်ထော်ကဈေးမြင့်တော့ နိုင်ငံခြားသားတွေပဲအငှားများတယ်။ အလုပ်လာလုပ်ကြတဲ့နိုင်ငံခြားသားတွေဆိုပေမယ့် တော်ရုံတိုက်ခန်းတွေမှာပဲ ငှားနေကြတယ်။ ကွန်ဒိုကြီးတွေမဟုတ်တောင် တိုက်ခန်းပေါ့နော်။ အခုက တိုက်ခန်းတွေမှာဓာတ်လှေကားတွေ ပါလာကြတယ်။ အဲဒီလိုတိုက်ခန်းမျိုးတွေဆို တစ်လ ငွေကျပ် ငါးသိန်းလောက်ပေးပြီး ငှားနေကြတယ်" ဟု ဒေါ်နုနုအေးကပြောသည်။

လက်ရှိ အိမ်ခြံမြေဈေးကွက်သည် အေးနေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား စောင့်ကြည့်လျက်ရှိကြကြောင်း သိရသည်။

ဝန်းရံမ

# နိုင်ငံတကာအသိအမှတ်ပြု အားကစားနှင့်ကာယပညာသင်တန်းများ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံတကာတွဲဖက်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ယှဉ်ပြိုင်သင်တန်းပို့ချပေးလျက်ရှိသော The Academy of Fitness & Sports Myanmar မှ ဦးဆောင်ပြီး နိုင်ငံတကာတွင် ကိုယ်ကာယသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည့် ကျွမ်းကျင်ပညာရှင် ကနေဒါနိုင်ငံသား Rory Ror Alexander နှင့် ပူးပေါင်း၍ ရန်ကုန်မြို့၌ ယခုလအတွင်း သင်တန်းများ လာရောက်ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ Ror Alexander နဲ့အတူ ပြည်တွင်းမှာ သင်တန်းတွေဖွင့်လှစ်ပြီးတဲ့နောက် တခြားနိုင်ငံတကာကပ့်ပိုးပေးတဲ့သူတွေကလည်း အချိန်နဲ့တစ်ပြေးညီပူးပေါင်းပါဝင်ဖို့ အသင့်ရှိနေပါတယ်။ ပထမဆုံးလုပ်ရမှာကတော့ ပြည်တွင်းမှာ အရည်အချင်းရှိပြီး အသိပညာကြွယ်ဝတဲ့ကျွမ်းကျင်သူတွေလိုအပ်နေတာကိုပါ။ အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့နဲ့ ဒေသတွင်းက တစ်ဦးချင်းလေ့ကျင့်သင်ကြားပေးနိုင်သူတွေ၊ ဒါမှမဟုတ် ကိုယ်ကာယကျွမ်းကျင်ပညာရှင်တွေကို နိုင်ငံတကာကအသိအမှတ်ပြုထားတဲ့သူတွေဖြစ်လာစေဖို့ လုပ်ဆောင်သွားမှာပါ" ဟု The Academy of Fitness & Sports Myanmar မှ အစီအစဉ်ညွှန်ကြားရေးမှူး Sheryl Caraig ကပြောသည်။

အဆိုပါသင်တန်းကို ရန်ကုန်မြို့လယ်ရှိ အားကစားရုံတစ်ခု၌ ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ သင်တန်းပို့ချပေးမည်ဖြစ်ပြီး အဓိကအားဖြင့် သင်တန်းများတွင် နိုင်ငံတကာအသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များရရှိနိုင်မည့်အပြင် သင်တန်းဆရာက လက်တွေ့လုပ်ဆောင်ပြသမည့် အလုပ်ရုံဆွေးနွေးပွဲများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်ကာယသန်စွမ်းကာ အားကစားကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ The Academy of Fitness & Sports Myanmar မှ ယခုကဲ့သို့ သင်တန်းများ လာရောက်ဖွင့်လှစ်နိုင်ရန် စီစဉ်ရခြင်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် www.facebook.com/afsmyanmar. တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

kaykay

# အမျိုးအစားစံချိန်စံညွှန်းနှင့်ပတ်သက်သည့် သုတေသနတက္ကသိုလ်ဖွင့်လှစ်နိုင်ရန် စီစဉ်

ရန်ကုန် ဇူလိုင် ၁၅

ဆန်စပါးကို အဓိကထား၍ သီးနှံအရည်အသွေးတစ်ပြေးညီစံသတ်မှတ်ချက် ယူနစ်တစ်ခုလုပ်ဆောင်နိုင်ရန် ပညာရေးဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ အမျိုးအစားစံချိန်စံညွှန်းနှင့်ပတ်သက်သည့် သုတေသနဌာန တက္ကသိုလ်တစ်ခုကို ၂၀၁၈ ခုနှစ် မေလဝန်းကျင်တွင် ရန်ကုန်မြို့၌ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် စတင်လုပ်ဆောင်မည့် သုတေသနဌာန တက္ကသိုလ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်လုပ်ဆောင်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် JICA မှ ၉၀ ရာခိုင်နှုန်းပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သုတေသနဌာနတက္ကသိုလ်၌ သီးနှံအစိုဓာတ်တိုင်းသည့် စံတစ်ခုသတ်မှတ်နိုင်မည့် ပထမဆုံးသောဓာတ်ခွဲခန်းကို လုပ်ဆောင်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှ လှည်းကူးမြို့နယ် ကုန်ပစ္စည်းအရည်အသွေးစီမံခန့်ခွဲမှုဌာန၌ ဓာတ်ခွဲခန်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် ဆန်စပါးအဓိကစိုက်ပျိုးရာ နေရာများ၌ ဓာတ်ခွဲခန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မည်ဖြစ်သည်။ ယခုကဲ့သို့ လုပ်ဆောင်ပြီးပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ပျံ့နှံ့နေသည့် စက်ကိရိယာများကို ယူနစ်စံနှုန်းများ စမ်းသပ်၍ အရည်အသွေးပြည့်မီပါက စံသတ်မှတ်နှုန်းနှင့် စက်ကိရိယာဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

kaykay

# ရန်ကုန်မြို့၌ ထပ်မံတည်ဆောက်မည့်ဆိပ်ခံတံတားများတွင် ကုန်အမျိုးအစား သီးသန့်ခွဲခြားမှုပါဝင်မည်



သီလဝါဆိပ်ခံတံတားကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်မြို့၌ ထပ်မံတည်ဆောက်မည့် ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများတွင် ကုန်အမျိုးအစားသီးသန့်ခွဲခြားထားမည့်ပုံစံများ ပါဝင်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် ပြည်တွင်း ပြည်ပကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ထပ်မံတည်ဆောက်မည့် ဆိပ်ခံတံတား ၃၇ ခုအထိ လျာထားကြောင်း သိရသည်။ လက်ရှိတွင် ဆိပ်ခံတံတားပေါင်း ၁၀ ခုအထိ တည်ဆောက်ပြီးစီးခဲ့ပြီး တာဝန်ချထားပေးမှုတွင် ဆိပ်ခံတံတားပေါ်မူတည်၍ ခွဲဝေချထားပေးမည်ဖြစ်သည်။ ကုန်သေတ္တာအတင်အချဆိပ်ကမ်းသည် ကုန်သေတ္တာအတွက်သာ သီးသန့်လုပ်ဆောင်မည်ဖြစ်ပြီး ဆီအတင်အချပြုလုပ်သောဆိပ်ကမ်းသည်လည်း ဆီအတွက်သာ သီးသန့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းအတွက် ကုန်ပစ္စည်းအမျိုးအစားများရှုပ်ထွေးမှုမရှိစေဘဲ ကုန်တင်ကုန်ချနှင့် ကုန်သွယ်ရေးများလုပ်ဆောင်ရာတွင် လျင်မြန်လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိသီလဝါဆိပ်ကမ်းအတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်ပြီးစီးသော ဆိပ်ခံတံတားအားလုံးကိုလည်း ဂျပန်နည်းပညာဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ရန်လျာထားသည့် ဆိပ်ခံတံတား ၃၇ ခုအား ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးတည်ဆောက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ယင်းအတွက် သီလဝါဆိပ်ကမ်း၌ တန်ချိန်နှစ်သောင်းတင်ဆောင်နိုင်သည့် ကုန်သေတ္တာတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားလေးခုကိုလည်း ၂၀၁၈ ခုနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

စိုးစိုး

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# အမြို့မြို့ အနယ်နယ်၌ အာဇာနည်နေ့အကြိုအထိမ်းအမှတ်အခမ်းအနားများကျင်းပ

## လှိုင်းတွဲ



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့ နံနက် ၁၁ နာရီက နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ကိုယ်စား တာဝန်ရှိသူတစ်ဦးက အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စစ်ကိုင်း

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန စစ်ကိုင်းမြို့ မူလတန်းကြိုကျောင်း၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ၊ ကဗျာဆရာ(မောင်မျက်ရှင်)ဦးရဲထွန်းက မူကြိုအရွယ်ကလေးငယ်များ သဘောပေါက်နားလည်စေမည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကဗျာများကို ဟောပြောသီဆိုသည်။

ဆက်လက်၍ ပန်းချီပြိုင်ပွဲကိုကျင်းပရာ မူလတန်းကြိုကလေးငယ်များက လက်စွမ်းပြယှဉ်ပြိုင်ကြရာ ပန်းချီဆရာများဖြစ်သော ကိုကြည်စိုး၊ ကိုညီဆင်းတို့က ကလေးငယ်များ၏ ပြိုင်ပွဲဝင်ပန်းချီကားများကို အကဲဖြတ်အမှတ်ပေးကြသည်။ ပြိုင်ပွဲသို့ စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း၊ မူလတန်းကြိုကျောင်း၊ ကျောင်းအုပ်ကြီးများနှင့် ပန်းချီဆရာများ တက်ရောက်အားပေးကြကြောင်း သိရသည်။

စော်မြင့်နိုင်

## မန္တလေး

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြား ဥပုသ်တော် ၂၄ ရပ်ကွက်ရှိ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်တေးသီချင်းသီဆိုပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဆွေက အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ စိုးဝင်းဗိုလ်(အရာတော်)က "မျိုးချစ်စိတ်ဓာတ်နှင့် လူ၏တန်ဖိုး"ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။

(၄၀၂)

## ထီးလင်း

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုပုံတူပန်းချီဆွဲပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံတူပန်းချီကို ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး ပါဝင်ရေးဆွဲယှဉ်ပြိုင်ကြရာ ထီးလင်း အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ကျော်မိုးအောင်က ပထမ၊ သတ္တမတန်းမှ မောင်သောင်းထက်စံက ဒုတိယ၊ အဋ္ဌမတန်းမှ မောင်ကျော်လင်းအောင်က တတိယဆုရရှိကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မြင့်က ဆုများချီးမြှင့်ကြောင်း သိရသည်။

တောင်သားမောင်သန်း

## ဒီးမော့ဆို

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှုများကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြကြောင်း သိရသည်။

ရီရယ်

# ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုသဖြင့် နေအိမ်များပြောင်းရွှေ့နေရ

ရွှေတောင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းနံဘေးမှ ဒုရင်ဒုဘိုကျေးရွာအုပ်စု ရွှေပန်းတောကျေးရွာမှ နေအိမ်အချို့မှာ မြစ်ရေတိုက်စားပြီး ကမ်းပြိုမှုများကြောင့် နေအိမ်များပြောင်းရွှေ့နေရကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၁၅၀ ကျော်ခန့်ရှိပြီး မြစ်ရေတိုက်စားမှုကြောင့် ကမ်းနားဘက်ရှိ နေအိမ် ၄၆ လုံး ပြောင်းရွှေ့ရမည်ဖြစ်ပြီး လတ်တလောတွင် မဖြစ်မနေ နေအိမ် ၁၀ လုံးခန့်မှာ ယမန်နေ့မှစတင်၍ ဖျက်သိမ်းပြောင်းရွှေ့မှုများပြုလုပ်နေရကြောင်း သိရသည်။

"အခုရေကြီးတာက လှိုင်းအရမ်းခတ်တော့ ကမ်းတွေပြိုတယ်။ ပြောင်းရွှေ့ဖို့ဆိုတာကလည်း ချထားပေးတဲ့နေရာက သောက်သုံးရေကအစ အဆင်မပြေတော့ ဒီမှာပဲ ကြောက်ကြောက်နဲ့ နေနေရတယ်။ တာဝန်ရှိသူတွေကတော့ အကွက်သစ်ချပေးမယ်ဆိုပြီး မနှစ်ကတည်းကပြောသွားတာ အခုထိတော့မရသေးဘူး" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။



အဆိုပါကမ်းပြိုမှုနှင့်ပတ်သက်၍ ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကွင်းဆင်းစစ်ဆေးကြပြီး ရွာနှင့် ၃ ဖာလုံခန့်ဝေးသော တာပေါင်စပ်သို့ ယာယီနေထိုင်ရန် အကွက်ချပေးခဲ့ကြောင်း၊ ကမ်းပြိုမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်ကတည်းက မြို့နယ်အုပ်ချုပ်ရေးမှူး ထံတင်ပြရာ ရွာအနီးရှိ ယာခင်းအကွက်များကို ကျေးရွာသားများအတွက် သတ်မှတ်နေရာချထားပေးခဲ့သော်လည်း ဝယ်ယူရန်ငွေမကျသေးသည့်အတွက် မပြောင်းရွှေ့ရသေးကြောင်း ဒေသခံများထံမှ သိရသည်။

(၄၁၀)



**မြတ်နိုးဖွယ်ရာ မြန်မာ့ဗိုလ်**

## ဗိုလ်ချုပ်အောင်ဆန်း မေ့သက်ပန်း

➤ အမေ့သားသည်
ယောကျ်ားပီပီ လက်ရုံးရည်နှင့်
ပြည်၏မျက်နှစ် သားကောင်းဖြစ်၏။

➤ အမေ့သားသည်
ယောကျ်ားပီပီ နှလုံးရည်နှင့်
ပြည်၏မျက်ရစ် သားကောင်းဖြစ်၏။

➤ လက်ရုံးသွေးက လမ်းညွှန်ပြတိုင်း
မရှုပ်မငြိ ဇေးသွားမိသို့
တိခနဲပြတ် လုပ်ဆောင်တတ်။

➤ နှလုံးသွေးက လမ်းညွှန်ပြတိုင်း
အာဂသတ္တိ မီးနယ်ညှိသို့
တိခနဲပြတ် ဆုံးဖြတ်တတ်။

➤ ဆုံးဖြတ်သည့်လမ်း ဝန်ထုပ်ထမ်းခိုက်
စရိုက်မယုတ် နောက်မဆုတ်ဘူး။
ခရီးသစ်ဖွေ ရှေ့ဆက်လေခိုက်
မတွေမဆွံ့ နောက်မတွန့်ဘူး။

➤ လေ့ခွက်ချည်းကျန် အလံမလှဲ
ဖွဲ့နှင့်တိုးဆက် လမ်းအခက်၌
တောင်တက်ထွတ်ရောက်
မကြောက်မဖြုံ ယောကျ်ားဂုဏ်ဖြင့်
မွန်းထုံကျက်သရေ မိုးကောင်းစွေသည်
မေတို့ချစ်ပန်း ဗိုလ်ချုပ်အောင်ဆန်း။

➤ မညိုးပန်းဟူသည်
ရှမ်းသည်မရှိ စိန်အတိ။ ။

ပန်းမော်ညီနွဲ့

www.facebook.com/themyawadydaily



## လွတ်လပ်တဲ့ မြန်မာပြည်

လွတ်လပ်တဲ့မြန်မာပြည်တွင် တိုင်းပြည်ကာကွယ်ရေးဟာ အစိုးရရဲ့တာဝန်၊ တစ်တိုင်းပြည်လုံးရဲ့ တာဝန်ဖြစ်လာတဲ့အတိုင်း ကာကွယ်ရေးလုပ်ငန်းမှန်သမျှ အစိုးရသာလျှင် လုပ်နိုင်ရမယ်။ တသီးတခြား ကိုယ်ပိုင်အဖွဲ့တွေက လုပ်ဖို့လည်းမလိုဘူး။ အခွင့်လည်းပြုနိုင်မှာမဟုတ်ဘူး။

(၁၉၄၇ ခုနှစ် မေလ ၁၉ ရက် ဂျူဗလီဟောပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သားပြောသော ဖခင်၏ပုံရိပ်များ



"အများအကျိုးအတွက် တစ်စုံတစ်ယောက်၏ အကျိုးကိုစွန့်၍ ဆောင်ရွက်ရာ၏၊ ပြည်ရွာတိုင်းကျိုး၊ အမျိုးသားအကျိုးအတွက်ကိုမူကား အရာရာစွန့်၍ဆောင်ရွက်ရာ၏"ဟု လောကနီတိတွင် ဆိုထား၏။ မှန်ပေ၏။ ကျွန်တော်တို့နိုင်ငံကြီး သူ့ကျွန်ဘဝ ဝဋ်ဆင်းရဲမှလွတ်မြောက်ရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မျိုးချစ်လူငယ်များ၊ ရဟန်းသံဃာတော်များ၊ အလုပ်သမားများ၊ လယ်သမားများနှင့် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတစ်ဝန်း၌ ရှုထောင့်အဖုံဖုံ၊ ပုံစံအမျိုးမျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်သည်။ သို့သော် လွတ်လပ်ရေးတည်းဟူသော ရည်မှန်းချက်ခရီးမဆုံးမီ နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ ဤနေ့သည် နိုင်ငံအတွက်ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ပေါ်ခဲ့ပြီး ဆိုးရွားသည့် သမိုင်းနေ့စွဲတစ်ခုဟု ဆိုအပ်သော အာဇာနည်နေ့ဖြစ်ခဲ့ရသည်။

မကြာမီရောက်ရှိလာမည့် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် နှစ်(၇၀)ပြည့်လည်းဖြစ်သည်။ အာဇာနည်နေ့တွင် ကျဆုံးခဲ့သည့်ခေါင်းဆောင်ကြီးများအနက် ယနေ့အချိန်တွင် တချို့သည် အသက်ကြီးပြီဖြစ်သည့် သားသမီးများကျန်ရှိသော်လည်း တချို့တွင် တူ၊ မြေး စသည့်ဆွေမျိုးရင်းချာများသာကျန်ရှိကြတော့သည်။

အဆိုပါ ဆွေမျိုးသားချင်းများသည် အာဇာနည်နေ့နီးလာပြီဆိုသည်နှင့် သတင်းသမားတို့၏ မေးမြန်းမှုများကို မမောမပန်းဖြေကြားကာ အတိတ်ကအရိပ်ကို ပြန်မြင်ယောင်နေပေလိမ့်မည်။ အကြောင်းမှာ မျက်ဝန်းက မျက်ရည်စတို့သည် သက်သေအဖြစ်တည်နေသောကြောင့်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖက "ကျွန်တော်တို့ကို အာဇာနည်နေ့တက်ရောက်ဖို့ နိုင်ငံတော်ကဖိတ်ထားပါတယ်။ ဒီနှစ်အတွက် ကျွန်တော့်အနေနဲ့ကတော့ နှစ်စဉ်ပြုလုပ်နေတဲ့အတိုင်းပဲ လွမ်းသူ့ပန်းခွေကို အိမ်မှာပဲလုပ်တယ်။ ပန်းခွေအတွက် စုစည်းမှုတွေလုပ်နေတယ်။ နောက်ပြီး အဖေဆုံးတဲ့ ဇူလိုင် ၂၀ ရက်မှာ အဖေ့ကို ရည်စူးပြီး သံဃာတော်တွေကို ဆွမ်းကပ်ပါမယ်။ ဆွမ်းကိုတော့ ဘုန်းကြီးကျောင်းမှာပဲ စီစဉ်ချက်ပြုတ်ပြီး ဘုန်းကြီးကျောင်းမှာပဲ ကပ်မှာပါ။ အဲဒီလိုပဲ ကျွန်တော့်အစ်ကိုကလည်း ဩစတြေးလျမှာ သံဃာတော်တွေကို နေ့ဆွမ်းကပ်မှာပါ" ဟု အာဇာနည်နေ့နှင့်ပတ်သက်သည့် ဆောင်ရွက်နေမှုများကို ပြောသည်။

"ကျွန်တော့်အဖေကို ဂျပန်တွေလိုက်ဖမ်းတော့ ထွက်ပြေးကြရတယ်။ အဖေရယ်၊ အစ်မရယ်၊ အစ်ကိုရယ်က ဗန်းမော်ကို ပြေးကြတယ်။ အမေကတော့ မိုင်းပွန်နယ်ဘက်ကတောထဲမှာ ဆုံးသွားတယ်။ အင်္ဂလိပ်တွေပြန်ဝင်လာမှ ပြည်မ တောင်တန်းမခွဲရေးအတွက် စည်းရုံးပြီးတော့ ဆောင်ရွက်ခဲ့တယ်။ တိုးတက်တဲ့ ရှမ်းလူငယ်တွေနဲ့စုစည်းမိပြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့ပါတယ်။ တောင်ကြီးမှာဆိုရင် မနားမနေပေါ့။ ညဆိုရင် အညေးအဝေး သွားရတယ်။ အဖေနိုင်ငံရေးမလုပ်ခင်မှာ သူ့နယ်သူ နယ်သားတွေ ဗဟုသုတဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးမွေးမြူရေးကိစ္စတွေမှာ နောက်ဆုံးပေါ် နည်းပညာတွေ လေ့လာတယ်။ သူ့နယ်သူ့နယ်သားတွေ သိအောင်ပြတယ်။ ကျွဲကောသီးမျိုးကောင်းတွေ၊ ဂရိတ်ဖရုသီးတွေ စိုက်တယ်။ သံလွင်ပင်လည်းစိုက်တယ်။ အဖေကိုယ်တိုင်ကလည်း စံပြဥယျာဉ်လိုမျိုး၊ စံပြမွေးမြူရေးခြံမျိုးတွေလုပ်ပြီးတော့ လက်တွေ့ပြတယ်။ အားကစားဆိုလည်း အဖေက အကုန်လုပ်တယ်" ဟု ကျန်းမာရေးလိုက်စားမှုနှင့် ဦးစီးဦးဆောင်ပြီး အနစ်နာခံစိတ်ရှိသည့် ဖခင်၏ပုံရိပ်ဖော်ညွှန်းမှုကိုလည်း ကြားသိရသည်။

"အမေဆုံးကတည်းက အဖေက အဖေလည်း သူ၊ အမေလည်းသူပေါ့။ တောင်ကြီးကိုရောက်တော့ အဖေက ဗိုလ်ချုပ်အောင်ဆန်းစည်းရုံးရေးနဲ့အဆက်အသွယ်ရသွားတယ်။ အဖေက ရှမ်းပြည်လူငယ်အဖွဲ့နဲ့သွားပြီး ချိတ်ဆက်မိလိုက်တော့ အဲဒီအချိန်ကစပြီး ရှမ်းစော်ဘွားတွေနဲ့ တောင်ပေါ်သားတွေကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဖေလိုက်စည်းရုံးနိုင်ခဲ့တယ်။ ကျွန်တော့်အမေနာရေးကိစ္စလုပ်ရင်း ပထမပင်လုံညီလာခံသဘောမျိုးလုပ်ဖို့ကို အဖေကလူတွေစုပြီး ဗိုလ်ချုပ်နဲ့ လက်တွဲဖို့ စည်းရုံးတယ်။ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်နဲ့ဆွေးနွေးတဲ့အခါ ကန့်ကွက်တဲ့သူတွေ၊ မတွဲဘူးဆိုတဲ့သူတွေရှိတယ်။ အဖေက ရှမ်းပြည်လူငယ်တွေဖြစ်တဲ့ ဆရာဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးခွန်ထီးတို့လို လူငယ်တွေနဲ့ စည်းရုံးမိပြီးတော့ စည်းလုံးညီညွတ်ရေးရအောင်လုပ်တယ်။ နောက်ဆုံးကျတော့မှ ပင်လုံစာချုပ်လက်မှတ်ထိုးလို့ရ



တယ်။ ဒီလိုတက်တက်ကြွကြွစည်းရုံးလှုပ်ရှားခဲ့တဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းအစိုးရဖွဲ့တော့ အဖေ့ကို တောင်တန်းဒေသဆိုင်ရာဝန်ကြီးအဖြစ် ခန့်အပ်တယ်" ဟု စော်ဘွားကြီး၏ စည်းရုံးရေးလုပ်ငန်းလုပ်ဆောင်ခဲ့မှုပုံရိပ်ကို ၎င်းကဆက်လက်ပြောသည်။

"၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ လုပ်ကြံခံရပြီး ဇူလိုင် ၂၀ ရက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အဖေဆုံးပါးခဲ့တယ်။ ကျွန်တော်က အဲဒီအချိန်မှာ ၁၁ နှစ်သားဆိုတော့ တခြားကလေးတွေလိုပဲ ကြက်ပစ်၊ ငှက်ပစ်ပေါ့။ အဲဒီတုန်းက တောင်ကြီးမှာ သစ်တော်ခြံတွေများတယ်။ သစ်တော်ခြံထဲသွား ငှက်ပစ်ပြီး အိမ်ပြန်လာတဲ့အခါ အိမ်ကအဘိုးက ကျွန်တော့်ကိုခေါ်ပြီး ကြိမ်းတယ်။ မင်းက သူများအသက်ကို လိုက်သတ်နေတယ်။ မင်းအဖေလုပ်ကြံခံရတာ အသက်ရှင်မလား၊ သေမလားဆိုတာတောင် မသိဘူးဆိုပြီး ကျွန်တော့်ကိုပြောတယ်။ အဲဒီစကားကတော့ တစ်သက်လုံး ခေါင်းထဲမှာရှိနေတယ်။ သူများကို မကောင်းတာလုပ်ရင် ကိုယ်လည်း မကောင်းတာပြန်ခံရတယ်ဆိုတဲ့သဘောက ခေါင်းထဲမှာစွဲနေတယ်" ဟု လုပ်ကြံခံရသည့် အာဇာနည်နေ့နှင့် ပတ်သက်၍ သားတစ်ယောက်၏ ခံစားရမှုကို ဆို့နင့်ကြေကွဲစွာပြန်လည်ပြောပြသည်။

"အဖေဆုံးပြီးတော့ အမေ့ရဲ့အစ်ကို မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုက ကျွန်တော်တို့ကို တာဝန်ယူတယ်။ ကျွန်တော်တို့မောင်နှမတွေကို ရန်ကုန်ကို ခေါ်သွားတယ်။ အဲဒီအချိန်တုန်းက သမ္မတဖြစ်လာမယ့် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်နေတဲ့ အမှတ်(၁) လားဝစ်လမ်းမှာ အရင်ဆုံးနေခဲ့ရတယ်။ အဲဒီကနေပြီး ဂျူဗလီဟောမှာထားတဲ့ အဖေ့ရုပ်အလောင်းကို သွားပြီး ဂါရဝပြုရတာပါ။ ဗိုလ်ချုပ်တို့ကို ဂူသွင်းတဲ့ကိစ္စတွေ ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော့်အဖေကို အခမ်းအနားနဲ့ မိုင်းပွန်ကိုသယ်တယ်။ ရထားနဲ့တစ်ပိုင်း၊ ကားနဲ့တစ်ပိုင်းပေါ့။ သယ်ပြီးတော့ မိုင်းပွန်မှာ မီးသဂြိုဟ်တယ်။ ပြီးတော့ မိုင်းပွန်မှာ ပြာတစ်ဝက်၊ ရန်ကုန်မှာ ပြာတစ်ဝက်လာပြီးတော့ မြှုပ်ထားတာ၊ မိုင်းပွန်မှာ အခုလည်း အုတ်ဂူရှိတယ်။ အရင်ကအမျိုးတွေပါ အဲဒီမှာထားတယ်။ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး၊ အာဇာနည်ဆိုပြီး အမျိုးတွေကို တခြားနေရာပြောင်းတယ်။ အဖေဆုံးပြီး ၁၉၄၇ ခုနှစ်ကတည်းက ရန်ကုန်မှာလာပြီးနေရတယ်။ မိုင်းပွန်ကိုလည်း ပြန်မသွားဖြစ်ဘူး။ အရောက်အပေါက် နည်းခဲ့တယ်။ ကျွန်တော့်အဖေရဲ့အုတ်ဂူကျတော့ သူတို့ဆီမှာအဖွဲ့ရှိတယ်။ အဲဒီအဖွဲ့က တာဝန်ယူပြီး သီးသန့်လေးလှူထားတယ်၊ အဲဒါကို ကောင်းကောင်းထိန်းသိမ်းထားကြပါတယ်။ အဲဒီအတွက် မြို့သူမြို့သားတွေနဲ့ နယ်သူနယ်သားတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

"အာဇာနည်နေ့ အခမ်းအနားအတွက် ပြင်ဆင်လာတာတွေ ကောင်းလာပါတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆိုရင် ကျဆုံးသွားတဲ့သူတွေကို ဘယ်နေရာမှာ မြှုပ်နှံထားတယ်ဆိုတာ ကျန်ရစ်တဲ့မိသားစုဝင်တွေမသိရဘူး။ အားလုံးတစ်ပြေးညီလုပ်ထားတော့ ကျွန်တော်တို့ဆိုရင် ကိုယ့်အဖေမြှုပ်တဲ့နေရာမဟုတ်ဘဲ တခြားနေရာမှာ သွားပြီး ကန်တော့ရတဲ့သဘောလေးတွေရှိတယ်။ အခု ပြီးခဲ့တဲ့နှစ်ကစပြီး သီးသန့်နဂိုနေရာတွေမှာ ပြန်ပြီးတော့ ဂူတွေသတ်မှတ်ထားပေးတဲ့အတွက် အင်မတန်ကောင်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေပြခဲ့တဲ့ လမ်းစဉ်အတိုင်း အခုခေတ်လူငယ်တွေလိုက်နာကြဖို့လိုပါတယ်"ဟု ယနေ့ခေတ်လူငယ်များအား စကားလက်ဆောင်ပါးလိုက်သည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို မိုင်းပွန်စော်ဘွားကြီးစဝ်ခွန်ထီးနှင့် မြောက်နန်းဆောင်မဟာဒေဝီ နန်းစိန်ဥတို့က ၁၉၀၇ ခုနှစ်တွင် မွေးဖွားပြီး ၁၉၂၈ ခုနှစ်တွင် မိုင်းပွန်စော်ဘွားအဖြစ် ခံယူသည်။ ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီးသမီး စဝ်ခင်သောင်းနှင့်လက်ထပ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံကွန်ဖရင့်သို့ တက်ရောက်၍ ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးသည်။ ၁၉၄၇ ခုနှစ်တွင် တောင်တန်းဒေသဆိုင်ရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာကော်မတီနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျဆုံးခဲ့သည်။ သားသမီးငါးဦးအနက် နှစ်ဦးသာအသက်ရှင်ကျန်ရှိပြီး ဒုတိယသားဖြစ်သူ စဝ်ဆေဟုမ်သည် အသက် ၈၃ နှစ်အရွယ်ရှိပြီး ဩစတြေးလျနိုင်ငံ၌နေထိုင်ကာ တတိယသားဖြစ်သူ စဝ်ကိုင်ဖသည် အသက် ၈၁ နှစ်ရှိပြီး ရန်ကုန်မြို့ ဦးဝိစာရလမ်း၌ နေထိုင်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဝန်းရုံခ

www.facebook.com/themyawadydaily

16-7(P_5)YM.indd 1 7/15/2017 4:44:48 PM

# တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့သွားရာ တောင်တက်လမ်းတစ်လျှောက်၌ စုပေါင်းလုပ်အားဒါနပြုလုပ်


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်မှ တပ်မတော်သားများက တောင်တက်လမ်းတစ်လျှောက်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ ဘုရားဖူးယာဉ်များ အန္တရာယ်ကင်းစွာ သွားရောက်ဖူးမြော်နိုင်ရန် ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်မှ တပ်မတော်သားများက တောင်တက်လမ်းတစ်လျှောက်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် မှော်ဘီမြို့နယ်၊ အမှတ်(၁) ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီးတို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် ခြင်ပေါက်ဖွားနိုင်သော နေရာများအား ခြင်ဆေးဖျန်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်နှင့် မှော်ဘီတပ်နယ်တို့မှ တပ်မတော်သားများက စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှ တပ်မတော်သားများက ခြင်ပေါက်ဖွားနိုင်သောနေရာများကို ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးစဉ်။

# ကျိုက်ထိုမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ကော့စံနိုင်)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ကော့စံနိုင်) ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုတပ်နယ်မှ တပ်မတော်သားများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


ကျိုက်ထိုတပ်နယ်မှ တပ်မတော်သားများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# တောင်စလင်းကျောင်းတိုက်နှင့် ရတနာပုံတက္ကသိုလ်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ တောင်စလင်းကျောင်းတိုက်နှင့် ရတနာပုံတက္ကသိုလ်တို့၌ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တပ်မတော်သားများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်မှ တပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများပူးပေါင်း၍ ကျောင်းတိုက်နှင့်တက္ကသိုလ်ဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တပ်မတော်သားများက အမှိုက်များရှင်းလင်းပေးစဉ်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ လားရှိုးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာ

လားရှိုး ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက် ၉ နာရီခွဲတွင် ဂိုးဒင်းဟောလ်ဟိုတယ်၌ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ထို့နောက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လားရှိုးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်၊ ပြင်ကြီးကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဝိဇယာရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွား/ မီးယပ်ရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၂၄၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၁၉ ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# အစားအသောက် ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ အသိပညာပေးဟောပြော

ငါးသရောက် ဇူလိုင် ၁၅

ညောင်ဦးမြို့နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက် ရွှေဘုံသာဘုရားတန်ဆောင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သီတာမြိုင်က စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးများ ပါဝင်ပြုလုပ်ထားရှိမှုအဆင့်ဆင့်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်းကောင်း၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်း ဒေါ်ငြိမ်းငြိမ်းအိက ဆေးဆိုင်များတွင် ဆေးဝါးများဝယ်ယူသုံးစွဲပါက တရားဝင်မှတ်ပုံတင်ထားခြင်းရှိ၊ မရှိ စစ်ဆေးပြီး ဝယ်ယူသုံးစွဲရန်နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးတင်မျိုးခိုင်က စားသုံးသူရေးရာဦးစီးဌာနမှထုတ်ပြန်ထားသည့် စားသုံးသူရေးရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များကိုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးတွင်းကာလ၌ မျှော့ဖမ်းရောင်းချခြင်းဖြင့် ဝင်ငွေကောင်းစွာရရှိနေ

ဝေါ ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ကျေးလက်ဒေသတွင် မိုးတွင်းကာလ၌ မျှော့ဖမ်းရောင်းချခြင်းအလုပ်ကို တွင်ကျယ်စွာ လုပ်ကိုင်နေကြသူများ ဝင်ငွေကောင်းစွာရရှိနေကြောင်း သိရသည်။

ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျပန်းလုပ်ကိုင်နေသူများမှာ မိုးတွင်းကာလတွင် ကြက်ဖမ်းခြင်း၊ ငါးရှာခြင်း၊ မျှော့ဖမ်းခြင်း စသည့်အလုပ်များကို လုပ်ကိုင်ကြသည်။ မျှော့ဖမ်းရောင်းချနေသူများသည် ဇူလိုင်လအစပိုင်း၌ တစ်နေ့ဝင်ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ကျော်အထိ နေ့စဉ်ရှာဖွေနိုင်ကြသည်။

"မျှော့ဖမ်းရောင်းချသူတွေက ကျွဲတွေမှာတွယ်ကပ်နေတဲ့မျှော့တွေကို ရှာဖွေသူတွေရှိသလို အခြားနည်းဖြင့် မျှော့ရှာဖွေသူတွေလည်းရှိပါတယ်။ လက်ရှိမှာ ကျွဲဖြုတ်မျှော့တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ဈေးရှိကာ လူဖြုတ်မျှော့တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကထက်စာရင် ယခုနှစ်က မျှော့ဈေးကွက်ပိုမိုကောင်းလာတယ်"ဟု ဝေါမြို့နယ်ရှိ မျှော့ဒိုင်တစ်ဦးကပြောသည်။

ဝေါမြို့ရှိမျှော့ဒိုင်များမှာ ဝယ်ယူရရှိသည့် မျှော့များကို မန္တလေးဘက်သို့တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ မျှော့များကိုတော့ တရုတ်လူမျိုးများဆေးဖော်ရာတွင် အသုံးပြုရန်ဝယ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၁)

# ရခိုင်ပြည်နယ်လူမှုဖူလုံရေးရုံးမှ အလုပ်တွင်ထိခိုက်မှုနှင့်ဆိုင်သော အကျိုးခံစားခွင့်ငွေပေးအပ်



စစ်တွေ ဇူလိုင် ၁၅

ရခိုင်ပြည်နယ်လူမှုဖူလုံရေးရုံးမှ အလုပ်တွင်ထိခိုက်မှုနှင့်ဆိုင်သည့် အမြဲတမ်းမသန်စွမ်းမှုပင်စင် ငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲက ပြည်နယ်လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စက်ပြင်ဦးသောင်းနိုင်ဦးသည် ဌာနတာဝန်များကိုထမ်းဆောင်ရင်း ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးသောင်းနိုင်ဦး၏ အလုပ်တွင်ထိခိုက်မှုနှင့်ဆိုင်သည့် အမြဲတမ်းမသန်စွမ်းမှုပင်စင် ငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခုချီးမြှင့်ငွေမှာ အလုပ်တွင်ထိခိုက်မှုမဖြစ်မီလေးလအတွင်း ပျမ်းမျှလုပ်ခတစ်လစာ၏ ၇၀ ရာခိုင်နှုန်းကို ဆေးဘက်ဆိုင်ရာအဖွဲ့မှ အမြဲတမ်းလုပ်အားဆုံးရှုံးမှုရာခိုင်နှုန်း ဆုံးဖြတ်ချက်အပေါ် အခြေပြု၍ တွက်ချက်ရရှိသည့်ငွေကို ချီးမြှင့်ခြင်းဖြစ်ကြောင်း ပြည်နယ်လူမှုဖူလုံရေးတာဝန်ခံ ဒေါ်နန်းငွေက ပြောသည်။

ထို့နောက် ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးတင်သောင်းက မိမိ၏ရုံးဝန်ထမ်းအပေါ် ထောက်ပံ့ပေးအပ်သည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်လူမှုဖူလုံရေးတာဝန်ခံ ဒေါ်နန်းငွေက ဦးသောင်းနိုင်ဦးအား အကျိုးခံစားခွင့်ငွေကျပ် ၅၈၅၆၄၈၀ ကို ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လူမှုဖူလုံရေးတာဝန်ခံ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ရုံးမှဝန်ထမ်းများနှင့် ပြည်နယ်လူမှုဖူလုံရေးရုံးမှဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း**

# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာသင်တန်းဖွင့်လှစ်

ထားဝယ် ဇူလိုင် ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူးကျင်းပသော အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်း နည်းပညာသင်တန်းအမှတ်စဉ်(၁/၂၀၁၇) ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ထားဝယ်မြို့နယ် ဇဟာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမြင့်သိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများအား လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

သင်တန်းတွင် သင်တန်းသား ၂၇ ဦးအား အခြေခံငါးမွေးမြူရေးနှင့်ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ပို့ချပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ဇူလိုင် ၁၆ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လတ်**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြိုဂုဏ်ပြုကဗျာ

# ထာဝရ ရတနာများ

➤ ငါတို့ဗိုလ်ချုပ် ကလေးအရွယ်
ဖြောင့်မတ်ဖြူစင်တယ်။
လိမ်တယ်ညာတယ်သူမလုပ်
ရိုးသားသူ့ဂုဏ်ပုဒ်။

➤ မဟုတ်မခံ အသိဉာဏ်
နိုးကြားစိတ်ထက်သန်။
မမှန်တာဆိုသူမကြိုက်
လေးစားသူ့စရိုက်။

➤ အချိန်ရှိခိုက် လုံ့လကြွယ်
တက္ကသိုလ်ကျောင်းသားအရွယ်။
ရန်သူနယ်ချဲ့အပြုတ်နှံရေး
မှန်ကန်သူ့အတွေး။

➤ ကိုယ်ရေးကိုယ်တာ မငဲ့ပါ
လွတ်မြောက်လမ်းကိုရှာ။
အင်္ဂလိပ်ဘာသာစာပေစကား
ကျွမ်းကျင်တတ်မြောက်ထား။

➤ ထူးခြားစွမ်းရှိ အသိကြွယ်
ဗိုလ်ချုပ်ဒုတိယအရွယ်။
နယ်ချဲ့ရန်သူဖယ်ကာရှား
ကမ္ဘာ့ခေါင်းဆောင်တစ်ပါး။

➤ တောက်ကြွားမြင့်မြတ် ဂုဏ်ရောင်ထည်
အားကျနည်းယူဖွယ်။
လူငယ်အများသတိချပ်
ပြည်ချစ်သူ့စိတ်ဓာတ်။

➤ မမေ့အပ်သည့် ဇူလိုင်ပေ
မွေးသောပန်းတို့ကြွေ။
အလွမ်းပြေမိန့်ခွန်းများ
ဗိုလ်ချုပ်လမ်းညွှန်သွား။
ထင်ရှားလှပရတနာများ
ရင်ထဲစွဲမှတ်ထား။ ။

မင်းသစ်ဝင်း(ကျောက်တံခါး)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# ကဒူးမမှ မော်ဖသို့

မောင်ဆွေသက်

**ငါးဒေါက်မချောင်းနှင့်မြွေဟောက်မြောင်၊ ပါလာသောစစ်သုံးမြေပုံနှင့်လေ့လာကြည့်ရာတွင် တောင်ခြေမြေပြန့်မှ တောင်ပေါ်တက်စ နှစ်မိုင်ခန့်မှာ ငါးဒေါက်မချောင်းရှိသည်။ ထိုချောင်းဖျားတွင် ပဲနွယ်ကုန်းမြို့နယ်ကောင်စီတော့ ရှိနိုင်သည်ဟု သုံးသပ်ချက်ရရှိသည်။ ထိုနေရာကို လိုက်ပို့နိုင်းသည့်အခါမှာတော့ ထိုအလင်းဝင်များ အကြောက်အကန်ငြင်းကြသည်။ မျက်နှာမှာလည်း သွေးမရှိအောင် ကြောက်နေကြသည်ကို· · · · ·**

## ဒုတိယပိုင်း

ဒိုက်ဦး၊ ညောင်လေးပင်မှာ ဗကပထောက်လှမ်းရေးတွေရှိ၍ ဘာမျှမဝယ်ရဲ၊ လှုပ်ရှားမှုမပြရဲ၊ ပဲခူးကိုသွားရသည်။ တပ်စုတစ်စုစာ တရုတ်ပြည်မှလာသော အဝတ်၊ ပတ္တူဖိနပ်များ ဝယ်ရသည်။ ဘတ်စကက်ဘောကစားသော လည်ရှည်လည်းပါရဲ့။ နိုးနိုးပတ္တူဖိနပ်(ကင်းဗတ်စ်)လည်းပါရဲ့၊ တောင်ပေါ်မှာ ရှာသားအချို့ဆောင်းသော အရပ်ဦးထုပ်မျိုးလည်းဝယ်ရသည်။

ရှေးခေတ် တောခေါင်းကြီး၏တောကျွမ်းကျင်မှုကို အားကိုးလျက် လူသွားလမ်းနှင့်ရွာကိုရှောင်၍ ခရီးစရသည်။ နေ့မှာနား၊ ညမှာသွားခြင်းဖြင့် တောင်ပေါ်ဆယ့်လေးရွာသို့ တက်သော လူသွားလမ်းကို အုကြောင်းအဖြစ်ထားလျက် တောထဲမှသာ ချီတက်ရသည်။

တောင်ပေါ်ဆယ့်လေးရွာပတ်ဝန်းကျင်ကိုတော့ ကျွန်တော်တို့ကိုယ်တိုင်အကြိမ်ကြိမ် ဝင်ရောက်ရှင်းလင်းပြီးဖြစ်၍ တောကျွမ်းနေပြီ။

ကျွန်တော်တို့ လျှို့ဝှက်အဖွဲ့တက်သွားပြီး လေးရက်မြောက်မှာ ညောင်လေးပင်ရှိ တပ်မဟာထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးတင်ဝင်းညိုက သတင်းရသည်။ ဌာနေမဟုတ်သော သောင်းကျန်းသူတစ်ဖွဲ့ ပဲခူးရိုးမပေါ် တက်သွားသော ခြေရာစွတ်ကြောင်းများတွေ့ရသည် ဟူသော သတင်း။

တောင်ပေါ်ဆယ့်လေးရွာမှ တောခေါင်းကြီး၏ လူယုံ အထောက်တော်သစ်ကြီးရွာသားကို တောင်ယာထဲတွင် လျှို့ဝှက်တွေ့ဆုံ၍ သတင်းစုံစမ်းရာ မြေပုံထဲတွင် Kyaw Nyein Te ဟု ပါရှိသောနေရာမှာ ရွာမရှိ လူမနေကြောင်း သိရသဖြင့် ဗကပ ဗဟိုစိတ်ကြိုက်ဖြစ်နိုင်သည်ဟု တွက်ဆကာ ခြေရာလက်ရာထောက်လှမ်းခြင်း၊ လျှိုမြောင်တို့ကို ဖြန့်ခွဲရှင်းလင်းခြင်းဖြင့် သုံးရက်မျှ ကျေနပ်အောင် ရှာကြသည်၊ ရှင်းကြသည်။ ဘာလက္ခဏာမှ မတွေ့ရ၊ သတင်းမှားဖြစ်ကြောင်း တပ်ရင်းမှူးထံ တင်ပြလိုက်သည်။

ထိုအခြေအနေမှာ ရိုးမပေါ်သို့မြို့မှ အထမ်းဖြင့် ဈေးရောင်းလာတတ်သောလမ်းကြောင်းများ လေ့လာစုံစမ်းရာ လူသွားလမ်း အတက်အဆင်းရှိသမျှ လမ်းလျှောက်၊ အထမ်းဈေးသည်များ၊ အဆင်းအတက်ရှိသော်လည်း ပဲနွယ်ကုန်းအနောက်စူးစူးမှ ရှေးခေတ်သစ်တောခေါင်း ဘဝ ဦးဘိုးသောင်သုံးခဲ့ဖူးသော လမ်းကြောင်းတစ်ခုမှ ဈေးသည်အသွားအလာမရှိဟု သိရသည်။

ထိုအခါမှာ ထိုလမ်းကြောင်းတစ်လျှောက် တောနင်းရှာရန်ဆုံးဖြတ်ပြီး ညအချိန် ရိုးမပေါ်မှ ဆင်းအလာလမ်းတွင်ရှာမရှိ၊ လူသူအသွားအလာမရှိ၊ လူသွားလမ်းပင်ပျောက်လုမတတ်ရှိသည်။ ရှတ်တရက်မြို့မှ အထမ်းဈေးသည်နှစ်ဦးကို ညအခါရင်ဆိုင်တွေ့ရတော့သည်။ မြို့ဈေးသည်တို့တွင် ကျူလယာဈေးဆိုင်ရောင်းပစ္စည်းမျိုးစုံပါသည်။ အပ်ချည်လုံး၊ အပ်၊ တွယ်ချိတ်၊ စက္ကူပန်း၊ ဖဲကြိုး၊ မြန်မာဆေးဝါး၊ ပရုတ်ဆီ၊ လက်ဖက်ခြောက်၊ ဇာဘော်လီ၊ အမျိုးသား၊ အမျိုးသမီးလုံချည်နှင့် ကုန်မျိုးစုံပါသည်။ ဈေးရောင်းသူနှစ်ဦးစလုံးမှာ အလင်းဝင်ကတ်ပြားနှင့် ထောက်ခံချက်များပါသည်။ သောင်းကျန်းသူကင်းအဖွဲ့ဟု ကျွန်တော်က ကောက်ချက်ချသည်။ မည်သို့မျှစစ်ဆေးမေးမြန်း၍ မရသည့်အဆုံးစစ်ကြောရေးထိပ်ခေါင် တပ်ကြပ်ကြီးတင်ဝင်းလက်လျှော့ရမည့်အခြေအနေရောက်မှ ကျွန်တော်က ခေါ်တွေ့ရသည်။

ဘာသတင်းမှ မပေးရင်တော့ ဆရာကြီးတင်ဝင်းက သတ်လိမ့်မည်ဟု ခြိမ်းခြောက်ရသည်။ သောင်းကျန်းသူစခန်းမသိသော်လည်း ဒီနားတစ်ဝိုက်မှာ ခိုအောင်းရန် အကောင်းဆုံးလျှိုမြောင် သို့မဟုတ် တောကောင်ကြီးတို့ လျှို့ဝှက်ကျက်စားရန်သင့်သော လျှိုမြောင်၊ စိမ့်စမ်းနေရာသိကိုသိရမည်။ နောက်ဆုံးအခွင့်အရေးပေးမည်၊ မှန်မှန်ပြောဟုစီးကရက်တစ်လိပ်စီတိုက်ရင်းတစ်ယောက်ချင်းလူခွဲမေးမှ လျှိုအမည်နှစ်ခုပြောလာတော့သည်။

ငါးဒေါက်မချောင်းနှင့်မြွေဟောက်မြောင်၊ ပါလာသောစစ်သုံးမြေပုံနှင့်လေ့လာကြည့်ရာတွင် တောင်ခြေမြေပြန့်မှ တောင်ပေါ်တက်စနှစ်မိုင်ခန့်မှာ ငါးဒေါက်မချောင်းရှိသည်။ ထိုချောင်းဖျားတွင် ပဲနွယ်ကုန်းမြို့နယ်ကောင်စီတော့ ရှိနိုင်သည်ဟု သုံးသပ်ချက်ရရှိသည်။

ထိုနေရာကို လိုက်ပို့ခိုင်းသည့်အခါမှာတော့ ထိုအလင်းဝင်များ အကြောက်အကန်ငြင်းကြသည်။ မျက်နှာမှာလည်း သွေးမရှိအောင် ကြောက်နေကြသည်ကို အကဲခတ်ရင်း ရန်သူ့စခန်းရှိမှာသေချာကြောင်း ကောက်ချက်ချလိုက်ရပြန်ပါတော့သည်။

ချက်ချင်းစက်ဖွင့်၍ တပ်ရင်းမှူးကြီးထံ ဆက်သွယ်ကာ ငါးဒေါက်မချောင်းဖျားကို ဝင်ရှင်းမည်ဟု သတင်းပို့လိုက်ရသည်။

တပ်ရင်းမှူးကြီးထံမှ ညွှန်ကြားချက်ကရှင်းသည်။ တိကျသည်။ ပြတ်သားသည်။ ယခုရောက်ရာမှ ချက်ချင်းနောက်ပြန်လှည့်၊ ကျော်ငြိမ်းတဲစုကို အရောက်သွား၊ ဆက်သွယ်ရေးစက်ဖွင့်ပြီး အမိန့်စောင့်ဟုညွှန်ကြားသည်။

ကျွန်တော်ကလည်း ခေါင်းမာမာပြန်တင်ပြသည်။ လိုက်နာပါမည်။ ယခုငါးဒေါက်မချောင်းဖျားကိုဝင်ရှင်းပြီး ညတွင်းချင်းတောင်ပေါ်ပြန်တက်ပါမည်ဟု ဖွတ်တင်ပြသည်။ ဆရာသမားကြီးကလည်း လုံးဝလိုက်လျောခြင်းမရှိ။ "ငါအမိန့်ပေးတဲ့အတိုင်း အခုတောင်ပေါ်ပြန်တက်" ဟု တင်းတင်းမာမာညွှန်ကြားလာသည်။

မည်သို့မျှ မတတ်နိုင်။ ဗကပဗဟိုကို မရသော်လည်း မြို့နယ်ကော်မတီကိုတော့ သေချာချေမှုန်းနိုင်မည်ဟု ယုံကြည်ထားပါလျက် အမိန့်ကိုလွန်ဆန်၍မရ။

ဖခင်လိုလေးစားရပါသော တပ်ရင်းမှူးကြီးစကားသာ နားထောင်ရတော့သည်။ ကွန်မန်ဒိုစစ်သည်တွေက အပြေးအလွှားဝင်ရှင်းမည်။ ရသမျှချေမှုန်းပြီး တောင်ပေါ်ပြန်တက်မည်တကဲကဲ ဖြစ်နေကြသည်။ နောက်ဆုံးတော့ မကျေနပ်စိတ်ကို မျိုသိပ်လျက် နောက်ကြောင်းပြန်ကာ တောင်ပေါ်ပြန်တက်ခဲ့ရပါတော့သည်။ လူသူမရှိသော ကျော်ငြိမ်းတဲဆိုသည့်နေရာမှာ သစ်ပင်အောက်အိပ်ရင်း အမိန့်စောင့်နေရသည်။ တတိယနေ့ကျမှ အမိန့်ရသည်။ ညတွင်းချင်းဆင်းခဲ့ နံနက်ခြောက်နာရီမှာ ငါးဒေါက်မချောင်းဖျား မြောက်ဘက်က တောင်ကြောပေါ် အရောက်လာ၍ နေရာယူထားရန်ဟူ၍ဖြစ်သည်။

ကျွန်တော်ဦးစီးသောကွန်မန်ဒိုတပ်စုချိန်းရပ်သို့ အရောက်မှာ ငါးဒေါက်မချောင်းဖျားကို တပ်တွေဝိုင်းပိတ်ဆို့ထားပြီးဖြစ်ပေသည်။ ဒုတိယဗိုလ်မှူးကြီးနေထွန်း၏ ခမရ (၁၀၅)နှင့် ဒုတိယဗိုလ်မှူးကြီးတင်ညွှန့်၏ ခမရ(၁၀၁)က ဝိုင်းပတ်ပိတ်ဆို့ရေး ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း (မိုးမိုးတာရောစန်)၏ ခမရ(၁၀၇)က ကိုက် ၄၀၀၀ ပတ်လည်အတွင်း ဝိုက်စိပ်တိုက်ရှင်းလင်းရေး မဟာစစ်ဆင်ရေးကြီးစနေပြီ။ စစ်သုံးမြေပုံပါ ဂရစ်ကွက်တစ်ကွက်မှာ ကိုက် ၁၀၀၀ ရှိသည်။ ဂရစ်ကွက်လေးကွက်ပတ်လည်မှာ တပ်ရင်းကြီးသုံးရင်းပုံအော၍ ဗကပဗဟိုချေမှုန်းရေးစီမံချက်ကြီးဖြစ်ပေသည်။

ငါးဒေါက်မချောင်းဖျားသို့ ကျွန်တော်ဆင်းမည့်အချိန်မှာ တပ်မဟာကလည်း သတင်းရသည့်အတွက် တပ်ရင်းကြီးသုံးရင်းနှင့် အပိုင်ချေမှုန်းရန် ပြင်ဆင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ချေးငွေထုတ်ချေးပေးမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဇူလိုင် ၁၅

JICA နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းကာ ချေးငွေထုတ်ချေးပေးမှုနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ချေးငွေကိစ္စရပ်များနှင့်ပတ်သက်၍ စာရင်းဇယားမှန်ကန်ရေးသည် အရေးကြီးကြောင်း၊ တောင်သူလယ်သမား ဘဝမြင့်မားရေးအတွက် ချေးငွေများရရှိအောင် အစိုးရမှ အခွင့်အလမ်းများဖန်တီးပေးနေသလို တောင်သူများဘက်မှလည်း မှန်ကန်တိကျစွာပြန်လည်ပေးချေရန်လိုအပ်ကြောင်း၊ ရရှိသည့်ချေးငွေအပေါ် အမှန်တကယ် လယ်ယာလုပ်ငန်းခွင်အတွက် အသုံးပြုမှသာ ရေရှည်အဆင်ပြေနိုင်ကြောင်း၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ချေးငွေထုတ်ချေးပေးကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက တောင်သူလယ်သမားများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် တောင်သူများသို့ ကာလရှည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချေးငွေများအလွယ်တကူရရှိစေရန်၊ လယ်ယာကဏ္ဍနှင့် လယ်ယာကဏ္ဍကိုအခြေခံသော စီးပွားရေးကဏ္ဍ၏ကုန်ထုတ်လုပ်မှုစွမ်းအားဖွံ့ဖြိုးစေရန်၊ ကျေးလက်ဒေသနှင့်မြို့ပြဒေသ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါချေးငွေထုတ်ချေးပေးမှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် JICA ထည့်ဝင်ငွေ ယန်း ၁၅၁၃၅ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေကျပ် ၉၃၈ သန်း စုစုပေါင်းငွေကျပ် ၁၆၀၇၃ သန်းဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ လေးနှစ်ထုတ်ချေးသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ဇူလိုင် ၂၃ ရက်တွင် စတင်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးတိုးချဲ့ရေးနှင့် အစားထိုးလုပ်ငန်းများ လုပ်ဆောင်မည်

မုံရွာ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကျေးရွာများတွင် လျှပ်စစ်မီးတိုးချဲ့ရေးနှင့် အစားထိုးလုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၉၀၀ ကျော်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

လျှပ်စစ်မီးတိုးချဲ့ရေးနှင့်အစားထိုးလုပ်ငန်းများအတွက် ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြောင်းလဲစိုက်ထူခြင်း၊ အသစ်စိုက်ထူခြင်း၊ လျှပ်စစ်လိုင်းကြိုးများအသစ်ခွဲခြင်း၊ အစားထိုးခွဲခြင်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးတိုးချဲ့ရေးလုပ်ငန်းများအဖြစ် ကလေးမြို့နယ် ရာဇကြိုဟ်ရေအားလျှပ်စစ်စက်ရုံ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံကို တိုးချဲ့လုပ်ငန်းအဖြစ်လည်းကောင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းကြိုးခွဲခြင်း ၃၁ မိုင်ကျော် အစားထိုးလုပ်ငန်းအဖြစ်လည်းကောင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်သွေး**

## ထန်းတပင်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲမရှိစေရန် စက်ရေတွင်းတူးဖော်လှူဒါန်း

ထန်းတပင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် မဲတာလန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်အတွက် ဥရောပအာရှကော်မာရှယ်ကုမ္ပဏီလီမိတက် EAC FOUNDATION မှ လှူဒါန်းငွေကျပ်သိန်း ၄၀ ဖြင့် စက်ရေတွင်းတူးဖော်နေမှုကို တာဝန်ရှိသူများက ယနေ့တွင် ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့်ဝန်ထမ်းများက စက်ရေတွင်းတူးဖော်နေမှုနှင့်ရေထွက်ရှိသည့်အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

အဆိုပါစက်ရေတွင်းမှာ အဝအကျယ် လေးလက်မ PVC တွင်းတိမ်အနက်ပေ ၂၀၀ ဖြင့် တူးဖော်ဆောင်ရွက်နေပြီး ယခုအခါ တစ်နာရီလျှင် ရေဂါလန် ၁၆၀၀ နှုန်း ရေသန့်များထွက်ရှိသည်။ စက်ရေတွင်းတူးဖော်ပြီးစီးသွားပါက အိမ်ခြေပေါင်း ၁၆၄ အိမ် အိမ်ထောင်စု ၁၆၈ စုတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# အယ်လ်ဘမ်နှစ်ခုကို ပွင့်လင်းရာသီတွင်ထွက်ရှိနိုင်ရန် ကြိုးစားနေသည့် အဆိုတော်ဟဲလေး



အကောင်းဆုံးတေးများ အယ်လ်ဘမ်နှင့် ချောကလက်မှိုတက်ညိုပြာညက်တေးအယ်လ်ဘမ်နှစ်ခုကို ပွင့်လင်းရာသီတွင်ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း အဆိုတော်ဟဲလေးကပြောသည်။

ဟဲလေးသီဆိုထားသည့် အယ်လ်ဘမ်များတွင် သီချင်းဟောင်းများကို စုစည်းပြီး ဂီတပုံစံပြောင်းကာ အကောင်းဆုံးတေးများအယ်လ်ဘမ်အဖြစ် ထွက်ရှိမည်ဖြစ်ပြီး ချောကလက်မှိုတက်ညိုပြာညက်အယ်လ်ဘမ်တွင် အဆိုတော်အိမ့်ချစ်နှင့် တွဲဖက်သီဆိုထားကြောင်း သိရသည်။

"ပေါ့ပ်သီချင်းတွေဆိုပေမယ့် ဂီတပိုင်းဆိုင်ရာတွေ အကုန်ပြောင်းလဲထားပါတယ်။ အီလက်ထရွန်နစ်ဂီတပုံစံကို နားထောင်ကောင်းအောင်၊ ပရိသတ်တွေသိမ်းထားလို့ရအောင် လုပ်ထားပါတယ်။ အကောင်းဆုံးတေးများ အယ်လ်ဘမ်လုပ်ထားတာ တစ်နှစ်လောက်ရှိပါပြီ" ဟု ဟဲလေးကပြောသည်။

ဟဲလေး၏ အကောင်းဆုံးတေးများအယ်လ်ဘမ်ကို ချိကြည်သာတေးသံသွင်းမှ စက်တင်ဘာလတွင် ဖြန့်ချိမည်ဖြစ်ပြီး ချောကလက်မှိုတက်ညိုပြာညက် အယ်လ်ဘမ်မှာ အကောင်းဆုံးတေးများ အယ်လ်ဘမ်ထွက်ရှိပြီး နှစ်လကြာမှသာ ဖြန့်ချိပေးမည်ဖြစ်သည်။

အယ်လ်ဘမ်နှစ်ခုမှ သီချင်းများကိုလည်း အခွေဆိုင်များ၌ ရောင်းချခြင်းထက် လက်ရှိခေတ်စားနေသည့် လက်လွှဲနည်းစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**အမ်အမ်ကေ**

# ရေရှည်တည်တံ့သည့် အချစ်ရေးဖြစ်ရန် စိတ်ရှည်နားလည်မှုရှိသောချစ်သူကိုသာ ရှာတွေ့လိုသည့် နန်းဆုဦး



ရေရှည်တည်တံ့သောအချစ်ရေးဖြစ်ရန် နှစ်ဦးနှစ်ဖက်နားလည်မှုများရှိသည့် ချစ်သူကိုသာ ကံကောင်းထောက်မစွာရှာတွေ့နိုင်ပါက အကောင်းဆုံးဖြစ်လာနိုင်ကြောင်း သရုပ်ဆောင်နန်းဆုဦးကပြောသည်။

"တချို့အနုပညာရှင်တွေရဲ့အချစ်ရေးက ရေရှည်တည်တံ့မှုမရှိဘူးဆိုတာ အဓိကကတော့ နှစ်နှစ်ကာကာနဲ့ သူချစ်ကိုယ်ချစ်မဟုတ်လို့ပါပဲ။ စိတ်ရှည်သည်းခံပြီး နားလည်မှုပေးနိုင်တဲ့သူဆိုရင် အချစ်ရေးက ရေရှည်တည်တံ့မယ်လို့ထင်ပါတယ်။ အဲဒီလိုချစ်ရမယ့်သူမျိုးကို ကံကောင်းထောက်မစွာရှာတွေ့ရင် အကောင်းဆုံးလို့ထင်ပါတယ်" ဟု နန်းဆုဦးကပြောသည်။

အိမ်ထောင်ရေးနှင့် အချစ်ရေးသည် အနုပညာရှင်များသာမက သာမန်လူများတွင်လည်း တည်တံ့မှုမရှိကြောင်းကို "အခုခေတ်မှာ အမေရိကားမှာဆိုရင်လည်း Demoralization တွေ များနေပါတယ်။ ဒါက အနုပညာရှင်မှ မဟုတ်ပါဘူး။ အနုပညာရှင်တွေက လူတွေအကုန်လုံးသတိထားမိသူတွေဖြစ်နေတဲ့အတွက် သူတို့ဘာလုပ်လုပ် သိသာထင်ရှားနေတာပါ" ဟု နန်းဆုဦးကပြောသည်။

**အမ်အမ်ကေ**

# အကယ်ဒမီရရှိမည့် မျှော်လင့်ချက်နှင့် ရုပ်ရှင်ကားများကို လက်ခံရိုက်ကူးခဲ့ခြင်းမရှိဟု သရုပ်ဆောင်ခင်လှိုင်ပြော



သရုပ်ဆောင်ခင်လှိုင်အနေဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများတွင် အကယ်ဒမီရရှိမည့် မျှော်လင့်ချက်နှင့် လက်ခံရိုက်ကူးခဲ့ခြင်းမရှိဘဲ ကျရာဇာတ်ရုပ်ကို ပီပြင်အောင်သရုပ်ဆောင်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောသည်။

သရုပ်ဆောင်ခင်လှိုင်က မိမိအနေဖြင့် ဇာတ်သဘင်လောကမှ ဖြတ်သန်းလာခဲ့သည့်အတွက် ဇာတ်သဘင်လောကသည် သရုပ်ဆောင်လောကဖြတ်သန်းမှုကို အထောက်အကူဖြစ်စေကြောင်း ပြောသည်။

"အကယ်ဒမီဆိုတာက တစ်ဦးတစ်ယောက်တည်းကောင်းနေမှ၊ တော်နေမှ မဟုတ်ဘဲ ဇာတ်ကားမှာ ပါဝင်ကြသူအားလုံးကောင်းမှသာ ရရှိနိုင်တာပါ" ဟု ခင်လှိုင်ကပြောသည်။

လတ်တလောတွင် ခင်လှိုင်အနေဖြင့် ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးလျက်ရှိသည့် ကျူးကျူးကျော်ကျော် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ နေခွေး၊ ဗိန်းဒေါင်၊ အိချောပို၊ သွန်းဆက်တို့နှင့်အတူ ပါဝင်သရုပ်ဆောင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် သရုပ်ဆောင်ခင်လှိုင်ပါဝင်သရုပ်ဆောင်ထားသည့် Original Gangster ဇာတ်ကားမှာ လူကြိုက်များနေပြီး ရုံတင်သည့် ပထမရက်သတ္တပတ်မှာပင် ငွေကျပ် သိန်းတစ်ထောင်ရရှိခဲ့ကြောင်း ယင်းဇာတ်ကားကိုရိုက်ကူးသော ဒါရိုက်တာ ကျိုးကပြောသည်။

**အမ်အမ်ကေ**




# Google Play Movies တွင် 4K HDR ရုပ်ထွက်ကို စတင်ကြည့်ရှုနိုင်

Google ကုမ္ပဏီ၏ Google Play Movies & TV တွင် 4K HDR ရုပ်ထွက်အရည်အသွေးကောင်းသည့် ရုပ်ရှင်ဇာတ်ကားများကို ယခုအချိန်မှစ၍ ကြည့်ရှုနိုင်ပြီဖြစ်သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားများအား Sony Xperia X2 Premium၊ LG G6 နှင့် Samsung Galaxy S8 ကဲ့သို့သော HDR ရုပ်ထွက်ကိုထောက်ပံ့ပေးသည့် စမတ်ဖုန်းများဖြင့် ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း Google ကုမ္ပဏီ၏ အဓိကရည်ရွယ်ချက်မှာ Cast Application တစ်ပါတည်းပါဝင်သော HDR ကို ထောက်ပံ့ပေးသည့်တီဗွီများဖြင့် ကြည့်ရှုနိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် သတ်မှတ်ထားသောရုပ်ရှင်ဇာတ်ကားများကိုသာ 4K HDR ရုပ်ထွက်ဖြင့်ကြည့်ရှုနိုင်မည်ဖြစ်ပြီး နောင်တွင် ယင်းဇာတ်ကားအရေအတွက်မှာ ပိုမိုများပြားလာဖွယ်ရှိသည်။

***Ref: GSMArena***

# Apple က မျိုးဆက်သစ် iPhone အတွက် 3D လေဆာစနစ် လုပ်ဆောင်နေ



Apple ကုမ္ပဏီသည် မျိုးဆက်သစ် iPhone ဖြစ်သည့် iPhone 8 တွင် ထည့်သွင်းနိုင်ရန် 3D လေဆာ အာရုံခံစနစ်ကို ဖန်တီးလုပ်ဆောင်လျက်ရှိသည်။

အဆိုပါလေဆာအာရုံခံစနစ်ကို ဖုန်း၏ ကျောဘက်၌ တပ်ဆင်မည်ဖြစ်ပြီး ထိုသို့တပ်ဆင်ခြင်းဖြင့် Auto Focus အရည်အသွေးကို မြှင့်တင်ပေးနိုင်ရုံသာမက ကင်မရာ၏လုပ်ဆောင်ချက်များနှင့် စွမ်းဆောင်ရည်ကိုပါ တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

ယင်းလေဆာအာရုံခံစနစ်သည် Apple က ထုတ်ပြန်ကြေညာထားသော ARKit အတွက် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။

စမတ်ဖုန်းအများစုသည် အရာဝတ္ထုတစ်ခုနှင့် ကင်မရာကြားရှိ အကွာအဝေးကို အကောင်းဆုံး ဆုံးဖြတ်ပေးနိုင်စေရန် လေဆာစနစ်ထောက်ပံ့ပေးထားသော Auto Focus စနစ်များကိုသာ အသုံးပြုထားခြင်းဖြစ်သည်။

သို့သော် လေဆာစနစ်သာမက 3D အာရုံခံစနစ်ပါတပ်ဆင်ခြင်းသည် Apple ၏ ကင်မရာစွမ်းဆောင်ရည်ကို အထူးကောင်းမွန်စေရန် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

***Ref: GSMArena***

# Xiaomi ကုမ္ပဏီက Redmi 5 စမတ်ဖုန်း၏အသေးစိတ်အချက်အလက်များထုတ်ပြန်



စမတ်ဖုန်းဈေးကွက်တွင် နေရာပိုမိုရရှိလာသည့် Xiaomi ကုမ္ပဏီသည် ၎င်းတို့၏ မျိုးဆက်သစ်စမတ်ဖုန်းဖြစ်သည့် Redmi 5 ၏ အသေးစိတ်အချက်အလက်များပါဝင်သောဓာတ်ပုံများကို ဝေဘိုလူမှုကွန်ရက်မှ တစ်ဆင့် ထုတ်ဖော်ပြသလိုက်ပြီဖြစ်သည်။

အဆိုပါစမတ်ဖုန်းသည် စွမ်းဆောင်ရည်နှစ်မျိုးဖြင့် ထွက်ပေါ်လာမည်ဖြစ်ပြီး ပထမတစ်မျိုးမှာ Snapdragon 625 chipset၊ 2GHz CPU နှင့် 3GB RAM တို့ဖြစ်ကာ ဒုတိယတစ်မျိုးမှာ Snapdragon 630 chipset၊ 2.2GHz CPU နှင့် 4GB RAM တို့ဖြင့် ဖွဲ့စည်းထားသည်။

အချက်အလက်သိုလှောင်မှုပမာဏမှာ 3GB RAM အတွက် 16GB/32GB ဖြစ်ပြီး 4GB RAM အတွက် 64GB ဖြစ်သည့်အပြင် နှစ်မျိုးစလုံးသည် MicroSD ထပ်စိုက်နိုင်သည့်အပြင် ဆင်းကတ်နှစ်ကတ်သုံးဖုန်းများဖြစ်သည်။

မျက်နှာပြင်အရွယ်အစား ၅ လက်မရှိပြီး 1920×1080px IPS LCD ကို တပ်ဆင်ပေးထားသည့်အပြင် ရှေ့ကင်မရာအရည်အသွေး 16MP နှင့် နောက်ကင်မရာအရည်အသွေး 5MP ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၆ ဒေါ်လာ၊ ၁၅၃ ဒေါ်လာ နှင့် ၁၆၂ ဒေါ်လာ အသီးသီးရှိမည်ဖြစ်ကြောင်း သိရသည်။

***Ref: GSMArena***

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# ရင်ခွင်ပိုက်အရွယ်သားချော့တေးနှင့် မိရိုးဖလာကလေးကဗျာများ

မည်သူမဆို အမိဝမ်းကကျွတ်သည်နှင့် အူဝဲအူဝဲဟူ၍ ငိုကြွေးအသံပေးခဲ့ကြရ၏။ အူဝဲအူဝဲဟူ၍ ငိုကြွေးအသံပေးခြင်းသည် ဆာလောင်၍လည်းဖြစ်မည်။ နာကျင်၍လည်း ဖြစ်မည်။ ဆာလောင်သည့်အသိ၊ နာကျင်သည့်အသိကို မွေးကတည်းကပါလာခဲ့ပြီး ဖြစ်သည်။ ဆာလို့ပဲငိုငို၊ နာလို့ပဲငိုငို ငိုသံ၏နောက်ကွယ်တွင် ထိုကလေး၏လိုအင်ရှိနေသည်။ လိုအင်ကစေ့ဆော်သောကြောင့် ငိုကြွေးအသံပေးခြင်းဖြစ်သည်။ ကလေး၏ ငိုကြွေးခြင်းသည် လိုအင်ကိုထုတ်ဖော်အသံပေးနေခြင်းသာဖြစ်ပါသည်။

မိခင်တိုင်းသည် မိမိရင်သွေး၏လိုအင်များကို အစွမ်းကုန်ဖြည့်ဆည်းပေးလိုကြသူများဖြစ်သည်။ မိခင်ဖြစ်သူခမျာမှာ ရင်သွေးငယ်လေး၏ငိုကြွေးသံကို မကြားရက်ပေ။ ရင်သွေးငယ်၏ငိုကြွေးသံကြားသည်နှင့် ချက်ချင်းထပြီး အနီးစပ်ထားသောရင်သွေးငယ်လေးကို လက်နှစ်ဖက်ဖြင့်ပွေ့ယူလိုက်သည်။ မိခင်၏ရင်ခွင်ငွေ့ကိုပေးလိုက်သည်။ နို့ချိုအေးကို တိုက်ကျွေးပေးလိုက်သည်။ ရင်သွေးငယ်လေးကိုပွေ့ပိုက်ထားသောလက်နှစ်ဖက်က ညင်ညင်သာသာလေးလှုပ်ပေးနေလိုက်ပြန်သည်။ နှုတ်ဖျားကလည်း 'အေ အေ့ အေး၊ အို အို့ အိုး၊ အေ အေ့ အေး' အသံလေးဖြင့် သီကျူးပေးနေလိုက်သည်။ 'အေ အေ့ အေး. . . အိပ်ပါကွဲ့လေး. . .' သီကျူးပေးလိုက်သည့်အခါ ကလေးငယ်ခမျာ အငိုတိတ်လာသည်။ အိပ်စက်မွေ့ပျော်သွားလေတော့၏။ 'အမေ့ရွှေလက်တေးပုခက်'တွင် အငိုတိတ်၍ အိပ်စက်ရင်းကြီးပြင်းလာရတော့၏။

အမေ့ရွှေလက်တေးပုခက်တွင်အိပ်စက်ရင်း အမေ့ရွှေနှုတ်မှ တေးတစ်ပုဒ်ဖြစ်သော အေ အေ့ အေး တေးသံသည် ရင်သွေးငယ်လေးအတွက် ငြိမ့်ညောင်းလွန်းလှ၏။ ငြိမ့်အေးကြည်သာသောအသံသာသာကို နှစ်သက်စွဲလမ်းလာခဲ့ရသည်။

အရွယ်ကလည်း တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်စတစ်စကြီးထွားလာ၏။ အသိဉာဏ်ကလည်း တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်စတစ်စ တိုးပွားလာ၏။ အမေ့ရွှေလက်တေးပုခက်မှ ပုခက်တွင်းသို့ရောက်လာရချေပြီ။ အမိဖြစ်သူက ပုခက်လေးကိုညင်သာစွာလွှဲပေးသည်။ ပုခက်လွှဲပေးနေရင်း ပုခက်လွှဲချင်းလေးများကို သီကျူးပေးနေပြန်၏။ 'အေ အေ့ အေး အိပ်ပါတော့လေး' တေးသံစဉ်ချည်းမဟုတ်တော့ပေ။

■ လူကလေးရဲ့အိပ်ချင်ပြီ
ဝဲတိုင်ကိုမှီ။
အိပ်ချင်ပြီကွဲ့ စံပယ်တုံး
လွဲကြပါဦး(ဦး)။

■ 'လူကလေးရဲ့အိပ်ချိန်တန်
ဖျိုးရွှေ့ကယုံ။
ဖုံလေတဲ့ ကိုရွှေဖျိုး
ညွှတ်တွေက ပိုင်း။'

■ 'လူကလေးရဲ့ ငို
နိုဖမ်းလို့ပေး။
နိုဖြူ နိုပြာနက်တယ်
ဖမ်းခက်လှလေး။'

■ 'လူကလေးရဲ့ ချော့စရာ။
မိတ္ထီလာ ကန်တော်အောက်က
ဖားတောက်ခဲ့ပါ။
ဖားပါရင်တစ်ကောင်ပေးပျို
မျက်လုံးကြောင်တောင်တောင်နဲ့
ဖားတောင်ကလေး။'

စသည့်စသည့် သားချော့တေးများဖြင့် သီကျူးပေးနေလေတော့၏။ ထိုသားချော့တေးများကို ပုခက်တွင်းမှရင်သွေးငယ်က ကြားနေရသည်။ ကြည်သာချိုအေးသော သားချော့တေးတွင်နစ်မျောနေသည်။ သားချော့တေးသံနားထောင်နေရင်းမှပင် အငိုတိတ်လာသည်။ မျက်စိလေးတွေက မှေးမှိတ်လာသည်။ အိပ်ပျော်သွားလေတော့၏။

ရင်သွေးငယ်ကို မိခင်နို့အစားဝါးဖတ်တော်ကစီနှစ်ကို ကျွေးရပေတော့မည်။ ကလေးငယ်က မိခင်နို့ကိုသာတမ်းတနေဆဲဖြစ်နေ၏။ ဝါးဖတ်တော်ကစီနှစ်ကို စားရကောင်းမှန်းမသိသေး။ မိခင်ဖြစ်သူက ဖိုးလမင်းကြီးကို ပြပေးလိုက်သည်။

**'ဖိုးလမင်းကြီးရေ. . .**
**ထမင်းဆီဆမ်း**
**ရွှေလင်ပန်းနဲ့ ပေးပါ**
**ဝါး. . . ဝါး. . . ဝါး'**

ကလေးငယ်က မိခင်ကြီး၏အသံစာစာလေးကို ကြားနေပြီ။ သို့ဖြင့် ဝါးဖတ်တော်ကစီနှစ်ကိုစားချင်လာသည်။ စမ်းပြီးစားကြည့်နေပြီ။ စားရကောင်းမှန်းသိလာသည်။ နို့အစား ဝါးဖတ်တော်ကစီနှစ်ကို နှစ်သက်လာသည်။ ဖိုးလမင်းကြီးထံ ထမင်းဆီဆမ်းတောင်းပေးနေသော မိခင်ဖြစ်သူ၏အသံသာသာလေးကိုလည်း နားထဲစွဲသွားရသည်။ ဝါးဖတ်တော်ကစီနှစ်ကြောင့် ခွန်အားဖြစ်လာသည်။ သန်မာလာသည်။ ပက်လက်အနေအထားမှ ဝမ်းလျားမှောက်တတ်လာသည်။ဝမ်းလျားမှောက်ရာမှ လေးဖက်ထောက်နိုင်လာသည်။ လေးဖက်ထောက်ရာမှ ထိုင်တတ်လာသည်။ ထိုင်ရာမှ မတ်တတ်ရပ်ရန် အားယူနေပြီ။

**ရပ်နိုင်ပေ့ ရပ်နိုင်ပေ့**
**တို့ကလေးက ရပ်နိုင်ပေ့**

အမိအဖ၊ အစ်ကို အစ်မ၊ ဦးကြီး၊ ဒေါ်လေးတို့က လက်ခုပ်လေးတီးပြီးအားပေးသည်။ ကလေးက မတ်တတ်ရပ်ကြည့်သည်။ ရပ်မရ၊ ပြန်လဲကျသွား၏။ ထပ်ပြီးရပ်ပြန်ပြီ။ 'ရပ်နိုင်ပေ့. . . ရပ်နိုင်ပေ့' လက်ခုပ်လေးတီးပေးပြီး အားပေးနေသံကလည်း ကလေး၏စိတ်ကို တက်ကြွစေသည်။ တစ်စတစ်စဖြင့် လဲလိုက်ထလိုက်၊ ထလိုက်လဲလိုက်ဖြစ်နေရာက မတ်တတ်ရပ်နိုင်လာ၏။

မတ်တတ်ရပ်ရာမှ ဆော့ကစားပြေးလွှားနေပြီ။ ခုန်ပေါက်ပြေးလွှားဆော့ကစားသည့်အရွယ်ရောက်လာသည်။ ဆော့ရင်းကစားရင်းမှာပင် နေကပူ၊ မိုးကရွာသည်နှင့်ကြုံရ၏။

"မြန်မာနိုင်ငံတစ်ဝန်းတွင်နေထိုင်ကြသော မြန်မာကလေးများသည် ရင်ခွင်ပိုက်အရွယ်ကလေးဘဝမှစတင်၍ ဒေသအလိုက် မြန်မာ့ရိုးရာသားချော့တေး ကလေးကဗျာများဖြင့် ကြီးပြင်းလာကြရခြင်းဖြစ်သည်။ မိရိုးဖလာ လက်ဆင့်ကမ်း သယ်ဆောင်လာသော မြန်မာသားချော့တေးကလေးကဗျာများကို ရင်းနှီးကျွမ်းဝင်နေခြင်းသည် မြန်မာ့လူနေမှုစရိုက်နှင့် ရင်းနှီးကျွမ်းဝင်နေခြင်းဖြစ်၏။"

နေပူမရှောင် မိုးရွာမရှောင်ဆော့ကစားသည်မှာ ကလေးတို့၏ပင်ကိုသဘာဝဖြစ်သည်။ နေပူမိုးရွာထဲတွင် ဆော့ကစားနေကြ၏။

**'နေပူ မိုးရွာ သူမိုးလာ**
**လာတဲ့သူမိုး လုံနှင့်ထိုး'** ဟူ၍ ခုန်ပေါက်အော်ဟစ်သီဆိုကြပြန်၏။ ဆိုလို့ကောင်းသဖြင့် ဆိုရင်းပျော်နေကြသည်။

ကျေးတောရွာများတွင် ညအခါလသာသာ၌ ဝိုင်းဖွဲ့ဆော့ကစားကြ၏။ ကစားနေရင်းမှာပင် တိမ်မည်းတိမ်ညိုများက တရိပ်ရိပ်တက်လာသည်။ ဖိုးလမင်းကြီးကို ဖုံးအုပ်မိသွားသောအခါ လအလင်းရောင် မှေးမှိန်သွားသည်။ မှောင်ရိပ်ဖြစ်သွားသည်။

**မိုးပေါ် မှာကြယ်တစ်လုံး**
**တိမ်ဖုံးပါလို့ လမသာ**
**သာတဲ့အခါ သာပါလိမ့်မယ်**
**နတ်ဒေဝါသူဖန်ဆင်းတယ်**
**ဖိုးရွှေလမင်း**ဟူ၍ ကစားဖော်များနှင့် အတူဆိုဖြစ်ကြပြန်သည်။

တစ်ခါတစ်ရံတွင် တောင်ငှေးထောက်ပြီးသွားနေရရှာသော ခါးကုန်းကုန်းအဘိုးကြီး၊ အဘွားကြီးများကိုလည်း တွေ့မြင်ကြရပြန်သည်။ ထိုအဘိုးကြီး၊ အဘွားကြီးများကို တွေ့မြင်ရသည့်အခါတိုင်း. . .

**အဘိုးကြီးအို ခါးကုန်းကုန်း**
**မသေပါနှင့်အုံး (ဦး)**
**နောက်နှစ်ခါ တန်ဆောင်မုန်း**
**ပွဲကြည့်ပါအုံး(ဦး)** ဟူ၍ ကလေးငယ်တို့သည် အော်ဟစ်သီဆိုကြပြန်သည်။ သို့ဖြင့် ရင်ခွင်ပိုက်အရွယ်မှစ၍ ကလေးငယ်တို့သည် မိရိုးဖလာကလေးကဗျာများဖြင့် ရင်းနှီးကျွမ်းဝင်လာခဲ့ရသည်။ မွေးကင်းစအရွယ်မှ စတင်ရင်းနှီးခဲ့သော အေ အေ့ အေး သားချော့တေးမှတစ်ဆင့် သားချော့တေး ကလေးကဗျာအမျိုးမျိုးကို ရင်းနှီးကျွမ်းဝင်ခဲ့ကြရ၏။ စွဲလမ်းနှစ်သက်မြတ်နိုးလာခဲ့ကြရ၏။ အဆိုပါ သားချော့တေးကလေးကဗျာအမျိုးမျိုးကို ရေးဖွဲ့ခဲ့သူ မည်သူမည်ဝါဟူ၍ တိတိကျကျဖော်ထုတ်ရန်ခက်ခဲလွန်းလှ၏။ သို့သော် ယနေ့ထိတိုင်အောင် ရှင်သန်နေဆဲဖြစ်သည်။ နောင်လာလတ္တံ့သောကာလအထိ ရှင်သန်နေဦးမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါသားချော့တေးကလေးကဗျာတို့သည် ကလေးငယ်တို့၏လိုအင်နှင့် ကိုက်ညီနေသောကြောင့်ဖြစ်သည်။

ကလေးတို့သည် သာယာငြိမ့်ညောင်းသောအသံကို နှစ်သက်သဘောကျ၏။ သာယာငြိမ့်ညောင်းသောအသံကို စွဲလမ်း၏။ အဆိုပါသားချော့တေးများတွင် ကလေးတို့နှစ်သက်သဘောကျသည့် ငြိမ့်ညောင်းသောအသံများပါဝင်နေ၏။ မြန်မာမိဘများက မွေးဖွားသောမြန်မာကလေးများသည် မြန်မာသားချော့တေးကလေးကဗျာများဖြင့်ကြီးပြင်းလာကြရ၏။ မြန်မာသားချော့တေးကလေးကဗျာများသည် မြန်မာ့လူမှုစရိုက်မှတစ်ဆင့် ပေါက်ဖွားလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင်နေထိုင်ကြသော မြန်မာကလေးများသည် ရင်ခွင်ပိုက်အရွယ်ကလေးဘဝမှစတင်၍ ဒေသအလိုက် မြန်မာ့ရိုးရာသားချော့တေး ကလေးကဗျာများဖြင့် ကြီးပြင်းလာကြရခြင်းဖြစ်သည်။ မိရိုးဖလာ လက်ဆင့်ကမ်း သယ်ဆောင်လာသော မြန်မာသားချော့တေး ကလေးကဗျာများကို ရင်းနှီးကျွမ်းဝင်နေခြင်းသည် မြန်မာ့လူနေမှုစရိုက်နှင့် ရင်းနှီးကျွမ်းဝင်နေခြင်းဖြစ်၏။

ငြိမ့်ညောင်းချိုသာသော မြန်မာသားချော့တေးကလေးကဗျာများမှပေးနေသည့် ခံစားရမှုကြောင့် ကလေးတို့သည် ကြည်သာရွှင်လန်းနေသည်။ ကြည်နူးမြူးပျော်နေသည်။ ကလေးတို့၏ဉာဏ်ရည်က မသိမသာဖွံ့ဖြိုးလာနေသည်။ ထိုမှတစ်ဆင့် နူးညံ့သိမ်မွေ့သော၊ ယဉ်ကျေးလိမ္မာသော၊ စာရိတ္တအခြေခံကောင်းများကို စတင်သန္ဓေတည်လာသည်။

ရင်ခွင်ပိုက်အရွယ် ကလေးငယ်တို့၏ ကာယဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှုသည် ကလေးများကြည်သာရွှင်လန်းမှု၊ ကြည်နူးမြူးပျော်မှုတို့အပေါ် တည်မှီလျက်ရှိ၏။ ရင်ခွင်ပိုက်အရွယ်ကလေးငယ်များ ကြည်သာရွှင်လန်းပြီး ကြည်နူးမြူးပျော်အောင်စွမ်းဆောင်ပေးနိုင်သည်မှာ ရင်ခွင်ပိုက်အရွယ်သားချော့တေး ကလေးကဗျာများပင်မဟုတ်ပါလော။ ■

**ရေနံ့သာမောင်ကျော်ညွန့်**

---



### ကျောဖုံးမှအဆက်

မြေဖို့ကာရံခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခန္တီးမြို့၊ ပေါ်မိုင်းဘုန်းတော်ကြီးကျောင်းတွင် ခေတ္တရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ခန္တီးမြို့၊ ပေါ်မိုင်းဘုန်းတော်ကြီးကျောင်းတွင် ခေတ္တရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

---

## မောင်တောမြို့နယ်အတွင်း ဒေသန္တရလက်လုပ်မိုင်း တစ်လုံးပေါက်ကွဲပြီး သုံးဦးသေဆုံး တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၁၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာနှင့် ငါးစားကြူးကျေးရွာအကြား၌ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်သမားများ ထောင်ထားသည်ဟု ယူဆရသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးပေါက်ကွဲပြီး သုံးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြောင်ပိုက်ကျေးရွာနှင့် ငါးစားကြူးကျေးရွာအကြား၌ ယနေ့နံနက် ၁၁ နာရီခန့်တွင် အမျိုးသား လေးဦးသည် လယ်စိုက်ပျိုးပြီး ထမင်းစားနားချိန်၌ လယ်အနီးရှိ တောင်ကုန်းပေါ် သို့သွားရောက်စဉ် မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းမိုင်းပေါက်ကွဲသည့်နေရာသို့ သွားရောက်ရှင်းလင်းရာ ဆွေယော့ဒူလာဆိုသူမှာ နေရာတွင်သေဆုံးခဲ့ပြီး ဖေရန်၊ အူစမန်နှင့် ကီမန်ဟူဆောင်းတို့သုံးဦးမှာ ဒဏ်ရာများရရှိနေသဖြင့် မွန်းလွဲ ၁ နာရီတွင် မောင်တောဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူသုံးဦးအနက်မှ ဖေရန်နှင့်အူစမန်တို့နှစ်ဦးမှာလည်း ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က သေဆုံးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းလုပ်အားဒါနဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူတပ်နယ်မှ တပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့်တက္ကသိုလ်အတွင်းအသစ်ဆောက်လုပ်လျက်ရှိသည့် ဘွဲ့နှင်းသဘင်ခန်းမဆောင်နှင့် သာသနိကအဆောက်အအုံများ တည်ဆောက်မှုတွင် ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရေတာရှည်တပ်နယ်မှ တပ်မတော်သားများက ဆွာမြို့၊ ငါးကြီးကွေ့ဘုန်းတော်ကြီးကျောင်း၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာပဋ္ဌာန်းဗုဒ္ဓစေတီတော်မြတ်ကြီး၌လည်းကောင်း၊ ပဲခူးတပ်နယ်မှတပ်မတော်သားများက အခြေခံပညာအထက်တန်းကျောင်း(အင်းတကော်)၌လည်းကောင်း၊ ပန်းတောင်းတပ်နယ်မှ တပ်မတော်သားများက ပန်းတောင်းမြို့နယ်၊ စွယ်တော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ပျဉ်ပုံကြီးတပ်နယ်မှ တပ်မတော်သားများက ဝမ်းဘဲအင်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ညောင်လေးပင်တပ်နယ်မှ တပ်မတော်သားများက ကညွတ်ကွင်းမြို့ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ရွှေကျင်တပ်နယ်မှတပ်မတော်သားများက ရွှေကျင်မြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း စုပေါင်းလုပ်အားဒါနများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်သားများက သာသနိကအဆောက်အအုံများတွင် စုပေါင်းလုပ်အားဒါနဆောင်ရွက်ပေးစဉ်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ် တိုင်းမှူးဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၁၇ ခုနှစ်၊ တိုင်းမှူးဒိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ စခန်းရုံး(က) အသင်းနှင့် စခန်းရုံး(ခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအလိုက် ဆုရရှိသူများနှင့် အသင်းများအား တာဝန်ရှိသူများကလည်းကောင်း၊ ဒိုင်းဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ စခန်းရုံး(ခ) အသင်းအား တိုင်းမှူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ကြသည်။

အဆိုပါ စားပွဲတင် တင်းနစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ မန်လီကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာဒေသခံပြည်သူများအား ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ဦးစွာ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများကို ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများပြုလုပ်ပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၂၇၇ ဦးတို့ကို အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြင်းများဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၅၀ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသပေးခြင်းများနှင့် ကျောင်းဝင်းအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်လန်မြို့၊ မဇ္ဈိမာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဇောတာဘိဝံသအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်လှိုင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ဝက်မြေတောကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်/အူရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ မျက်စိရောဂါ၊ သားဖွား/မီးယပ်ရောဂါနှင့် သွေးတိုးရောဂါဝေဒနာရှင် ၂၁၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

အလားတူ ပဲခူးမြို့နယ်၊ သာယာအေးကျေးရွာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၀ ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ပန်းတောင်းမြို့နယ်၊ စွယ်တော်ကျေးရွာရှိ ဒေသခံပြည်သူစုစုပေါင်း ၁၁၀ ဦးတို့အား ကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ရွှေတောင်မြို့၊ ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၅ ဦးနှင့် ဒေသခံပြည်သူ ၅၅ ဦး၊ စုစုပေါင်း ၇၀ ဦးအား အဆိုပါဘိုးဘွားရိပ်သာ၌လည်းကောင်း တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား သက်ဆိုင်ရာမြို့များရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဘုတ်ပြင်းမြို့၊ ကမာချောင်းကျေးရွာအနီး၌ ဒီရေတောကွယ်သစ်ပင်များစိုက်ပျိုး



နေပြည်တော် ဇူလိုင် ၁၅

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ကမာချောင်းကျေးရွာ၏ အနောက်ဘက်ပင်လယ်ကမ်းစပ်၌ ၂ ပေမှ ၃ ပေခန့်အထိ နှစ်စဉ်ဒီရေတိုက်စားမှုများဖြစ်ပေါ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဘုတ်ပြင်းတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ အဆိုပါနေရာ၌ ပြူးခြေထောက်ပင် ၅၀၀ ပင်နှင့် ပြူးအုပ်စောင်းပင် ၅၀၀ ပင်တို့ကို ဒီရေကာကွယ်တောအဖြစ် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဒီရေကာကွယ်သစ်ပင်များ စိုက်ပျိုးပေးစဉ်။

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်ကျေးရွာရှိ ပုညသဂ်ဟလောကမာန်အောင် ပရိယတ္တိစာသင်တိုက်(ရွှာမတိုက်ခွဲ)နှင့် ဘုံရှည်ကုန်းကျေးရွာ ခေမာသိဒ္ဓိမင်းကျောင်း ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ၊ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပုညသဂ်ဟလောကမာန်အောင် ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား/မီးယပ်ရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် စာချစာသင်သံဃာတော် ၄၁ ပါး၊ ရှင်သာမဏေ ၅၂ ပါးနှင့် ဒေသခံပြည်သူ ၄၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များအား အသည်းရောင်အသားဝါဘီပိုး သွေးဖောက်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျောင်းဝင်းအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဝါသဝိနိ္ဒအား ဖူးမြော်၍ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါလို့။

# တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စု၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ဖက်ကွန်ကျေးရွာအုပ်စု၊ အုံအားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဇူလိုင် ၁၄ ရက် နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မင်းကွန်းသာသနာမာန်အောင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၃၅၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများနှင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး မင်းကွန်းသာသနာမာန်အောင်ကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်၍ ဝါဆိုသင်္ကန်း၊ ဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ် စိမ်းလန်းစိုပြည်ရေးအတွက် မဲဇလီ၊ ထင်းရှူး၊ ရေသင်းဝင်နှင့် ပန်းမာဒင်ပင် စုစုပေါင်း ၈၅၀ ပင်ကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများနှင့်အတူ အဆိုပါတက္ကသိုလ်၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပုသိမ်မြို့၊ ရွှေဝတ်မှုန်စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရွှေဝတ်မှုန်စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်နှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိကြသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၄ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်သည်။

ထို့ပြင် အိမ်ရာနေစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးနဲမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်း ဧည့်ရိပ်သာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝိဇ္ဇာရိယာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာဂိန္ဒအားဖူးမြော်ကာ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Myanmar Tatmadaw goodwill delegation led by Senior General Min Aung Hlaing arrives back from India



Senior General Min Aung Hlaing being welcomed back by Vice-Senior General Soe Win and party at Nay Pyi Taw International Airport.

**Nay Pyi Taw July 15**

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing left New Delhi by air at 3.30 pm local standard time today after paying a goodwill visit to the Republic of India, at the invitation of Chairman of Chiefs of Staff Committee of Indian Armed Forces Admiral Sunil Lanba.

They were seen off at the airport by Myanmar Ambassador to the Republic of India U Maung Wai and wife, Myanmar Military Attaché (Army, Navy and Air) Brig-Gen Thein Zaw and wife, Assistant Chief of Naval Staff of International Relation and Cooperation Department from Indian Naval Headquarters Rear Admiral DhirenVig and wife and officials.

The Myanmar Tatmadaw goodwill delegation arrived back at Nay Pyi Taw International Airport at 8 pm. They were welcomed at the airport by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife, Chief of the General Staff (Army, Navy and Air) General Mya Tun Oo and wife, Commander-in-Chief (Navy) Admiral Tin Aung San and wife, Commander-in-Chief (Air) General Khin Aung Myint and wife, senior military officers from the Office of the Commander-in-Chief and their wives, the Commander of Nay Pyi Taw Command, Charge d'Affaires Mr. Balasubramanian Shyam from the embassy of the Republic of India to Myanmar and officials.

Daw Kyu Kyu Hla, Lt-Gen Soe Htut of the Office of the Commander-in-Chief (Army), senior military officers from the Office of the Commander-in-Chief and the commander of Northern Command and the commander of North-West Command, who accompanied the Senior General as members of the delegation, also arrived back on the same flight.

At 11 am local standard time today, Senior General Min Aung Hlaing together with Lt-Gen Soe Htut of the Office of the Commander-in-Chief (Army), senior military officers and Myanmar Military Attaché (Army, Navy and Air) Brig-Gen Thein Zaw, arrived at the Embassy of Myanmar to the Republic of India. They were welcomed there by Myanmar Ambassador U Maung Wai and wife, families of the embassy and the military attaché's office and trainee officers studying in India.

Speaking on the occasion, the Senior General said his visit to India was mainly aimed at further strengthening the relations between the two countries. As the Tatmadaw never changes, the amicability between the two armed forces will contribute a lot to the bilateral relationship. Particularly, the relationship with neighbouring countries is more important. Since the diplomatic ties are crucial in the relations between the two countries, the embassy and the military attaché's office are urged to cooperate each other. Good diplomatic relations will benefit political affairs, he added.

The Senior General stressed the need to strengthen and stabilize the way to multi-party democracy the people have chosen since 2011. Our Three Main National Causes are of importance in realizing peace and stability. It needs not to harm Our Three Main National Causes. It is much necessary to ensure regional peace and stability. Cooperation between Tatmadaws can implement peace and stability in the border region. Only when the country is peaceful, will the economic sector have growth. On the other hand, it is necessary to truly carry out tasks in political trend. Consequently, the country will have political trust as well as economic one. The Senior General urged them to try hard to promote trade sector between the two nations through various ways and means. Only when the country can produce export products, can it create production and job opportunities. As such, the country will earn income. Hence, the embassy and military attaché's office should place emphasis on diplomatic relations. Those from the two offices in the diplomatic arena need to culture Myanmar spirit while forging the spirit to unite among them. The Senior General urged them to give a helping hand to those who reside in India from Myanmar due to various reasons. And, the Senior General stressed the need to take care of their health conditions due to strong climatic conditions in India and not to forget own culture and religion.

Afterwards, the Senior General presented foodstuffs, gifts, cash awards and clothes which were produced by Tatmadaw garment factories for families of the embassy and the military attaché's office and officer trainees. The ambassador and wife, the military attaché and wife, families of the embassy and the military attaché's office and officer trainees accepted them. Next, the Senior General and party were hosted a luncheon by families of the embassy and the military attaché's office.

**100**



Senior General Min Aung Hlaing presents gift to Myanmar Military Attaché (Army, Navy and Air) Brig-Gen Thein Zaw.

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# Senior General Min Aung Hlaing hosted dinner by Chairman of the Chiefs of Staff Committee of Indian Armed Forces

**Nay Pyi Taw July 15**

Chairman of the Chiefs of Staff Committee of Indian Armed Forces Admiral Sunil Lanba hosted a dinner to the Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing at the former's residence on 14 July evening.

Also present together with the Senior General were his wife Daw Kyu Kyu Hla, Myanmar Ambassador to India U Maung Wai and wife, Lt-Gen Soe Htut of the Office of the Commander-in-Chief (Army), senior military officers, and Myanmar Military Attaché (Army, Navy and Air) Brig-Gen Thein Zaw. Chairman of the Chiefs of Staff Committee of Indian Armed Forces Admiral Sunil Lanba and wife Mrs. Reena Lanba were accompanied by Chief of Army Staff Gen. Bipin Rawat and wife, Chief of Air Staff Air Chief Marshal Birender Singh Dhanoa and wife, Indian Ambassador to Myanmar H.E. Mr. VIKRAM MISRI and wife, Indian senior military officers and their wives.



Senior General Min Aung Hlaing and party attend dinner hosted by Chairman of the Chiefs of Staff Committee of Indian Armed Forces Admiral Sunil Lanba.

First, senior military officers and their wives of both countries frankly greeted each other and had the dinner together. Afterwards, Admiral Sunil Lanba and Senior General Min Aung Hlaing extended greetings and exchanged gifts.

Before and during the dinner, the band of the Indian Navy played the songs of two countries. After the dinner, the Senior General and wife presented gifts and cash award to the band of the Indian Navy.

**100**

# Drones to be used in disaster management

**Yangon July 15**

In months to come, Myanmar can expect to see unmanned aerial vehicles (UAVs) or drones taking on an increasingly important role in disaster management.

Dr Ko Ko Naing, director-general of the Relief and Resettlement Department, said: "Officials will test-run drones to collect, analyze and manage information on the natural disasters in some regions."

"Although Myanmar includes on the list of the world's worst disaster-hit countries, its efficiency to respond to the natural disaster is weak and the department is planning the disaster management with the help of drones," said Dr Ko Ko Naing.

"We can know the situation on the ground immediately (by using drones). For instance, we can know the severely affected places and ways to send relief workers and aids. We need to get accurate information so that we can react effectively," said the director-general.

This is the first time that Myanmar will use drones for disaster management. To launch the project, a workshop will be held for three days and the results of the workshop will be taken into account.

"We cannot say accurately when we will use the drones. In some places, we can make the trial-run of the UAVs. We will use drones in disaster-hit regions rather than the whole country," said Dr Ko Ko Naing.

**Aung**

# UMFCCI to submit input for economic upturn

**Yangon July 15**

Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) will put forward input to the government in the first week of August to help the country's economy pick up in next 12 months.

Businesspeople in respective industries are identifying quick-win solutions in respective business sectors to help revive the country's economy, and will submit their recommendations within two weeks' time.

Representatives of UMFCCI and brother associations met at the headquarters of UMFCCI on July 12, and will submit recommendations by July 27. Then, UMFCCI will put forward the recommendations to the government in the first week of August.

The recommendations will mainly concern such areas as taxation, deregulation drive and obstacles in business transactions and procedural reforms.

In addition, small and medium enterprise (SME) forum will be held on August 29 to find initiatives for rapid development of SMEs, and an export promotion forum is also scheduled in August.

**Kay Kay**

# Monthly dengue awareness campaign in Yangon



Health workers taking preventive measures against dengue hemorrhagic fever under the programme of covering, emptying and cleaning of domestic water storage containers.

**Yangon July 15**

Dengue awareness campaign will be carried out in Yangon Region every month on a large scale, according to the Yangon Region Public Health Department.

Dr Khin Nan Lone of the department said: "We will carry out the education campaign on dengue fever in accordance with the direction of the Region Government."

On July 12, the Public Health Department in cooperation with the Township Municipal Health Department, General Administration Department, Maternal and Child Welfare Association, Fire Brigade, Red Cross Society, Ward Administration Department and Civil Society Organizations conducted the dengue awareness campaign in 44 townships of the commercial city except Coco Island Township.

"Anti-larvae campaigns are weekly carried out since May. At this time, the awareness campaigns are carried on a large scale with the workforce of the Township Public Health Departments," said U Thet Zaw Win, deputy-head of Yay Okkan Health Department in Hlaingthaya Township.

From January to the first week of July, more than 2,000 dengue cases were recorded, resulting in 18 deaths in Yangon Region, according to the statistics of the Region Public Health Department.

**Aung**

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily
P-19.indd 1 7/15/2017 11:14:49 PM

# Russia launches 73 satellites into orbit

**Moscow July 15**

An imaging satellite and 72 micro-satellites were launched into orbit Friday from the Baikonurcosmodrome in Kazakhstan, the Russian space agency Roscosmos and research centre Glavcosmos announced.

The Soyuz 2-1A rocket successfully lifted off at 0643 GMT with the satellite payload, Roscosmos said in a statement.

According to Russian news agencies, Glavcosmos, charged with putting the satellites into orbit, later reported that by 1441 GMT all the satellites had successfully separated. They were released into three different orbits.

"For the first time in the world, such a complex and large mission has been developed and implemented," said Glavcosmos.

The primary payload, the Kanopus-V-IK satellite, is to provide wide-angle images of the Earth and will be used especially to detect forest fires or to update the topography of maps.

The 72 small satellites include those made by Japan, Germany and Canada along with 62 nanosatellites known as CubeSats, developed by the United States. **AFP**



A Russian Soyuz 2-1A rocket—like the one seen in this file photo taken on April 28, 2016—launched 73 satellites into orbit on Friday.

# India to get head of state from lowest caste

**New Delhi July 15**

India's next president will emerge from the Dalit caste -- a community so marginalised they were once known as "untouchables" -- with the victory of the ruling party candidate set to strengthen Prime Minister NarendraModi's grip on power.

Ram NathKovind, 71, is hot favourite to be elected Monday by national and state lawmakers to become titular head-of-state as the candidate of Modi's Bharatiya Janata Party (BJP).

It will be only the second time, after President K.R Narayanan, who served from 1997 to 2002, that a member of the downtrodden caste has assumed the post.

The result will be announced Thursday. And for Modi, with one eye on re-election in 2019, it will send an important message to a key, long disdained electoral group.

Dalits, who number around 200 million, are among the poorest communities in India and have traditionally been relegated to activities on the margins of society.

Despite legal protection, discrimination is rife and Dalits are routinely denied access to education and other opportunities for advancement.

Analysts say Modi can win political capital by helping BJP politician Kovind -- a former Supreme Court lawyer and ex-governor of the eastern state of Bihar -- to win the contest against opposition nominee Meira Kumar, also a Dalit.

Modi has used Twitter to hail the rise of Kovind, the son of a farmer, from "a humble background".

Kumar, the daughter of freedom fighter Babu Jagjivan Ram, was a diplomat before entering politics in 1985 and became India's first woman speaker in 2009, but the electoral college numbers are heavily tilted against her.

Her nomination, which followed Kovind's, was seen by many as the opposition's attempt to counter Modi's move to woo Dalits. **AFP**

# Colombia opens bids to retrieve 18th Century sunken treasure

**Bogota July 15**

Colombia on Friday opens bidding for investors willing to retrieve billions of dollars in gold and silver from an 18th Century ship wreck off the country's Caribbean coast.

The Spanish galleon "San Jose" was the main ship in a fleet carrying gold and silver -- likely extracted from Spanish colonial mines in Peru and Bolivia -- and other valuables back to King Philip V.

It sank in June 1708 during combat with British warships attempting to take its cargo, as part of the War of Spanish Succession. Only a handful of the ship's crew of 600 survived.



This Colombian Culture Ministry handout shows the structure and several cannons belonging to the "San Jose," which sank in 1708 off the coast of Cartagena.

President Juan Manuel Santos wants to form a public-private partnership to retrieve the shipwreck items, and build a museum for the recovered pieces and a laboratory to study and conserve the material.

The scientific and legal parameters to join the partnership will be made public Friday at a hearing in the Caribbean city of Cartagena.

Colombia has not set an official value to the wreck, but experts in 1980 estimated that the treasure was worth some $-10 billion.

Treasure hunters have long searched for the "San Jose," described as the Holy Grail of shipwrecks.

Santos gushed soon after the wreck was discovered in November 2015 that it was "the most valuable treasure found in the history of humanity."

The government says there is no pending litigation over the wreckage or the galleon's loot, even though Spain insists it is the rightful owner because the "San Jose" was Spanish.

Spain in part has based its arguments on UN Law of the Sea -- a treaty that Colombia never signed.

US-based company Sea Search Armada, whose subsidiary claimed in the early 1980s that it had found the galleon, was engaged in a long-running ownership battle with the Colombian government.

The find however was not confirmed, and in 2011 a US court ruled that the wreck was Colombian property. **AFP**

# US to destroy old chemical weapons left in Panama

**Panama City July 15**

The United States will destroy eight World War II-era chemical bombs it left in Panama decades ago, the government said Friday.

The project is supported by the Organization for the Prohibition of Chemical Weapons.

The Americans will destroy the eight bombs in late 2017 under an agreement with Panama, the foreign ministry said.

This process will be monitored and verified by the OPCW, it added.

The bombs are located on an island called San Jose off the southern coast of Panama, in the Pacific Ocean.

There, the United States is alleged to have carried out tests with mustard gas, phosgene and other chemical weapons for possible use in WWII and the Vietnam War.

The United States maintained military bases in Panama from the time it completed the Panama Canal in 1914 until its withdrawal in 1999.

After World War II, San Jose island was used for military testing by the United States, Britain and Canada.

The plan calls for the destruction of eight bombs found in 2002 during an OPCW inspection of the island.

This process will take six to eight weeks and begin in September.

The agreement has allowed Panama to get off the OPCW black list.

The United States and Panama have been discussing for years what to do with the bombs.

The clean-up was initially scheduled for 2013 but never carried out because the Americans failed to set aside money for the procedure.

Panamanian advocacy groups say the United States abandoned a lot of ordnance in Panama.

Some estimates say that more than 10 hectares of land along the canal are littered with unexploded conventional bombs.

**AFP**

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# Could tomatoes be a wonder cure for skin cancer? Powerful compounds in the Mediterranean fruit HALVE tumours

- **Compounds responsible for the fruit's red colour may protect against UV rays**
- **A trial showed mice fed a daily diet of tomato powder had their tumours shrink**
- **When skin cancer spreads in humans it can become fatal by proving hard to treat**



Compounds responsible for the Mediterranean fruit's bright red colour may prevent deadly damage from the sun's rays.

Eating tomatoes each day could save the lives of skin cancer patients, new research suggests.

Compounds responsible for the Mediterranean fruit's bright red colour may protect against deadly damage from the sun's rays.

A trial on mice showed those fed a daily diet of tomato powder, available in a range of supermarkets, had their tumours shrink.

When skin cancer spreads in humans, genetically similar to mice, it can become fatal by proving hard to treat.

**How was the study carried out?**

Ohio State University scientists fed mice a tomato powder-heavy diet for 35 weeks, while keeping a control group.

All of the rodents were then exposed to ultraviolet light, a confirmed trigger of skin cancer in humans.

They also discovered those who consumed the tomato powder had 50 per cent less deadly tumours.

The latest study showed only red tomatoes, full of carotenoids, had any significant effect, helping to shrink tumours.

**Male mice**

However, the findings were only true for male mice, as no differences between the groups were discovered in females.

The researchers said male mice develop tumours earlier after UV exposure and that their tumours are larger and more aggressive.

Lead author Professor Tatiana Oberyszyn said: 'The study showed us that we do need to consider sex when exploring different preventative strategies.

'What works in men may not always work equally well in women and vice versa.'

Study co-author Dr Jessica Cooperstone added: 'Foods are not drugs, but they can possibly, over the lifetime of consumption, alter the development of certain diseases.'

Non-melanoma skin cancers are one of the most common of all cancers, with 100,000 cases diagnosed each year in the UK.

**Cancer-fighting**

The findings, published in Scientific Reports, aren't the first to show the cancer-fighting properties of carotenoids.

Found in peppers, carrots and sweet potatoes, a 15-year study of 15,000 women noted the compound to reduce the risk of cervical cancer.

While regularly eating the brightly-coloured vegetables also appears to reduce the risk of prostate cancer by almost a fifth.

As well as fighting tumours, previous clinical trials suggest that carotenoids can also dampen sunburn.

These antioxidant compounds, specifically lycopene, are deposited in the skin of humans after eating.

Dr Rachel Abbott, British Skin Foundation spokesperson, said: 'This is an interesting laboratory study in mice, however further research is needed to determine whether the same effect is applicable to humans.'

'Most skin cancers are caused by sun exposure and so I would advise taking care in the sun, especially if you fair skinned, rather than eating more tomatoes.'

**Mail Online**

# N. Korea likely has more plutonium than previously thought: monitor

**Seoul July 15**

New images of North Korea's main nuclear facility show that the isolated regime has apparently produced more plutonium for its weapons programme than previously thought, a US monitor said, as tensions soar over Pyongyang's ambitions.

The respected 38 North website, a monitoring project linked to Johns Hopkins university, said Friday that thermal imagery of the Yongbyon nuclear complex appeared to show that Pyongyang had reprocessed spent fuel rods at least twice between last September and June this year.

"The Radiochemical Laboratory operated intermittently and there have apparently been at least two unreported reprocessing campaigns to produce an undetermined amount of plutonium that can further increase North Korea's nuclear weapons stockpile," it said.

North Korea deactivated the Yongbyon reactor in 2007 under an aid-for-disarmament accord, but began renovating it after Pyongyang's third nuclear test in 2013.

Increased thermal activity was also noted at Yongbyon's uranium enrichment facility but it was unclear whether this indicated a push to increase supplies, possibly for weapons, or if it was part of maintenance operations, the website said.

The researchers also said that analysis of thermal patterns from a probable isotope/tritium production facility at the site suggested that the plant was likely not producing tritium.

Tritium is a key component used for making sophisticated thermonuclear weapons with far greater yields than those made only of plutonium and uranium.

North Korea has conducted five underground nuclear tests since 2006, and carried out its first successful test of an intercontinental ballistic missile last week.

**AFP**

# Indonesia restricts app over "terrorism" content

**Jakarta July 15**

Indonesia has blocked web-based access to a popular messaging service and threatened a full ban on the app due to its "terrorism" content, the government said.

The communications ministry said in a statement that "so many channels in the (Telegram) service contain radicalism and terrorism... encouragement and tips to assemble bombs or launch attacks" that it needed to block it.

The partial ban came as the country suffered from a string of attacks, including one carried out by a man police said was radicalised after reading radical material on Telegram.

The government has so far blocked only access to the app via computer, but is preparing to impose a full ban.

"We are now preparing a process to close down Telegram app in full throughout Indonesia if Telegram does not come up with a standard operating procedure to handle law-violating contents," the communications ministry said in a statement issued late Friday.

In June, a lone wolf attacker stabbed two police officers in a mosque. Police said the man had no links to militant groups but had been radicalised through material he read on Telegram.

Telegram is a free Russian-designed messaging app that lets people exchange messages, photos and videos in groups of up to 5,000. It has attracted about 100 million users since its launch in 2013.

The app has come under fire in Russia after the state communications watchdog threatened to ban it in June, saying the company behind the service had failed to submit company details for registration.

Russia's FSB security agency also said Telegram was used by those behind April's Saint Petersburg metro bombing.

Telegram CEO, Pavel Durov, said the firm will investigate the Indonesia charges.

"We have never received any requests/complaints from the Indonesian government," Durov said on Twitter.

**AFP**

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily
p-21.indd 1 7/15/2017 7:24:14 PM

www.facebook.com/themyawadydaily

## တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်



# အချိန်ကြာမြင့်စွာဆက်လက်ဖြစ်ပွားနေမည့် ရက်ကာမြို့သိမ်းတိုက်ပွဲ

အီရတ်အစိုးရတပ်များက မိုဆူးမြို့ကို IS စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်ပြီး မြို့သိမ်းတိုက်ပွဲ အောင်မြင်မှုအတွက် ဝန်ကြီးချုပ်ကိုယ်တိုင် အောင်ပွဲခံပြီးနောက်ပိုင်းတွင် ဆီးရီးယားမြို့တစ်မြို့ဖြစ်သည့် ရက်ကာမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် လုပ်ဆောင်နေသည့် စစ်ဆင်ရေးမှာ ထင်သလောက်လွယ်ကူမည့်အခြေအနေမရှိသည်ကိုတွေ့ရသည်။

မိုဆူးမြို့သိမ်းတိုက်ပွဲအား အီရတ်တပ်များက အချိန်များစွာယူ၍ တိုက်ခိုက်ခဲ့ရသည်။ အမှန်တကယ်တွင် အီရတ်တပ်များသည် ယင်းမြို့ကိုပြန်လည်သိမ်းယူနိုင်ရန် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ လေကြောင်းမှ ပစ်ကူယူကာ မြေပြင်တပ်များက ကျားကုတ်ကျားခဲခုခံနေသည့် စစ်သွေးကြွများကို ရင်ဆိုင်ခြင်းဖြစ်သည်။ စစ်သွေးကြွများဘက်မှ ကြည့်မည်ဆိုပါကလည်း အဘက်ဘက်မှဆုံးရှုံးနေမှုကို ဖာထေးနိုင်ရန် ၎င်းတို့၏ အခိုင်အမာခြေကုပ်စခန်းဖြစ်သည့် ယင်းမြို့ကို အလွယ်တကူ လက်လွှတ်မခံလိုသည့်သဘောကို တွေ့မြင်နိုင်သည်။

သို့သော် အီရတ်တပ်များက မြို့၏အနီးအနားရှိ နယ်မြေတစ်ခုပြီးတစ်ခုကို ကနဦးသိမ်းပိုက်ပြီးမှ နောက်ဆုံးတွင် မြို့အားပြန်လည်သိမ်းပိုက်နိုင်ခြင်းဖြစ်သည်။

သို့ရာတွင် ဆီးရီးယားရှိ ရက်ကာမြို့အား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့ကတိုက်ခိုက်ရာတွင် အခက်အခဲရှိနိုင်သည်ဟုဆိုရသည့်အကြောင်းရင်းမှာ စစ်သွေးကြွများသည် ယင်းတိုက်ပွဲတွင် ယခင်ကထက် ကြမ်းတမ်းစွာခုခံတိုက်ခိုက်မည့် အနေအထားရှိသောကြောင့်ဖြစ်သည်။

ထို့ပြင် တခြားတစ်ချက်မှာ ညွန့်ပေါင်းအဖွဲ့ကို ဆီးရီးယားအစိုးရက အထောက်အပံ့ပေးအပ်မှုမရှိခြင်းပင်ဖြစ်သည်။ အီရတ်နိုင်ငံ၌ စစ်သွေးကြွချေမှုန်းရေးတွင် ပါဝင်တိုက်ခိုက်နေသည့် အမေရိကန်၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများကို အီရတ်အစိုးရက အကူအညီပေးအပ်လျက်ရှိသည်။ အမေရိကန်အစိုးရသည် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကို ရာထူးမှဆင်းပေးရန် တောင်းဆိုထားခြင်းကြောင့် ဆီးရီးယားအစိုးရက နိုင်ငံအတွင်းရှိ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့ကို ထောက်ခံခြင်းမပြုသည်မှာ သဘာဝကျသည်ဟုဆိုနိုင်သည်။

ထို့ကြောင့် ညွန့်ပေါင်းအဖွဲ့၏ ရက်ကာမြို့သိမ်းတိုက်ပွဲမှာ ခက်ခက်ခဲခဲတိုက်ခိုက်ရမည့် စစ်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။ စစ်သွေးကြွများသည် ယင်းမြို့ကို ၎င်းတို့၏မြို့တော်အဖြစ်သတ်မှတ်ထားသည်။ အဆိုပါမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန် အမေရိကန်က ထောက်ခံထားသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (SDF) က ဇူလိုင် ၄ ရက်မှ စတင်ထိုးစစ်ဆင်ခဲ့သည်။

သို့သော် တိုက်ပွဲအခြေအနေမှာ အရှုံးအနိုင်မကွဲပြားသေးပေ။ စစ်သွေးကြွများသည် တစ်ချိန်က ၎င်းတို့သိမ်းပိုက်ခဲ့သည့် နယ်မြေအများအပြားကို ပြန်လည်လက်လွှတ်လိုက်ရသည့်အပြင် အီရတ်ရှိ ဒုတိယအကြီးဆုံးဖြစ်သော မိုဆူးမြို့ကို လက်လွှတ်လိုက်ရသည့်အတွက် ယခုတိုက်ပွဲတွင် အလွယ်တကူအရှုံးမပေးဘဲ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်နိုင်သည်ဟု အမေရိကန် ဗိုလ်ချုပ်ကြီး ဂျိုးဗက်ဗိုတယ်က ထုတ်ဖော်ပြောကြားထားသည်။

တိုက်ပွဲမှာ ယခုထက်ပိုမိုပြင်းထန်လာနိုင်သည့်အပြင် နှစ်ဖက်စလုံးတွင်လည်း အကျအဆုံးများနိုင်သည်ဟု ကျွမ်းကျင်သူများကခန့်မှန်းထားသည်။ တစ်နည်းအားဖြင့်ဆိုသော် နယ်မြေဆုံးရှုံးမှုနှင့်သာ ဆက်တိုက်တွေ့ကြုံနေရသည့် စစ်သွေးကြွများသည် ကျားနာခဲခဲတော့မည့်အနေအထားတွင် ရှိသောကြောင့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် ရက်ကာမြို့သိမ်းတိုက်ပွဲတွင် အောင်ပွဲကို အလွယ်တကူမျှော်မှန်း၍မရနိုင်သည့်အပြင် ယင်းတိုက်ပွဲမှာ နောက်ထပ် လပေါင်းများစွာကြာမြင့်နိုင်ဖွယ်ရှိကြောင်း သုံးသပ်လိုက်ရပါသည်။

# အနည်းငယ်ပျော့ပျောင်းလာသည့် ပင်လယ်ကွေ့သံတမန်မုန်တိုင်း



ပင်လယ်ကွေ့နိုင်ငံများကြား တစ်လကျော်ကြာဖြစ်ပွားနေသည့် သံတမန်မုန်တိုင်းသည် မကြာမီကဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုများကြောင့် ယခင်နှင့်နှိုင်းယှဉ်ပါက တင်းမာမှုများလျော့ကျလာပြီး အနည်းငယ်ပျော့ပျောင်းလာသည်ကိုတွေ့ရသည်။

ကာတာနှင့် ဆော်ဒီဦးဆောင်သည့် အာရပ်လေးနိုင်ငံကြား ဖြစ်ပွားနေသော တင်းမာမှုများလျော့ကျလာသည့် အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စုနှင့် ကာတာတို့ကြား ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက လက်မှတ်ရေးထိုးလိုက်သည့် သဘောတူညီချက်ကြောင့်ဖြစ်သည်။

အမေရိကန်အစိုးရသည် ၎င်းတို့၏ မဟာမိတ် ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့ရှိ အာရပ်နိုင်ငံများကြား သံတမန်ဆက်ဆံရေးပြတ်တောက်မှုစတင်ဖြစ်ပွားချိန်မှစ၍ စိုးရိမ်မကင်းဖြစ်နေသည်။ ထို့ကြောင့် ယင်းနိုင်ငံများကြား ကြားဝင်ဖြေရှင်းပေးရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်ကို ပင်လယ်ကွေ့ဒေသသို့ စေလွှတ်လိုက်ရသည်။

ယင်းအချက်သည် အမေရိကန်အစိုးရ၏ သံတမန်ရေးအားသာချက်တစ်ချက်ဖြစ်သည်ဟုဆိုနိုင်သည်။ အကြောင်းမှာ အမေရိကန်ပြည်ထောင်စုသည် ဆော်ဒီအာရေဗျ၊ အီဂျစ်၊ ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့၏ စိုးရိမ်မှုကိုအောင်မြင်စွာ လျှော့ချနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် အာရပ်လေးနိုင်ငံက အထူးသဖြင့် စိုးရိမ်မကင်းဖြစ်နေသည့် ကာတာနိုင်ငံက အကြမ်းဖက်အဖွဲ့အစည်းများကို ငွေကြေးပံ့ပိုးပေးနေသည်ဟူသော စွပ်စွဲချက်ကို ရပ်တန့်နိုင်ရန် ကာတာနိုင်ငံနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးပံ့ပိုးမှုရပ်ဆိုင်းရေးနှင့်စပ်လျဉ်း၍ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အမေရိကန်နှင့် ကာတာတို့ကြား ချုပ်ဆိုလိုက်သည့် အဆိုပါသဘောတူညီချက်နှင့်စပ်လျဉ်း၍ အာရပ်လေးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် ယူအေအီးက ကြိုဆိုလိုက်သည်။ တခြား အာရပ်နိုင်ငံများက သဘောတူညီချက်ချုပ်ဆိုမှုနှင့် လူသိရှင်ကြား ထုတ်ပြန်ခြင်းမရှိသော်လည်း ၎င်းတို့အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများကို ငွေကြေးပံ့ပိုးနေခြင်းနှင့် စပ်လျဉ်း၍အတော်အတန်စိတ်အေးရဖွယ်ရှိသည်။

သို့သော် လက်ရှိတင်းမာမှုများပြေလည်သွားပြီး သက်ဆိုင်ရာနိုင်ငံများကြား ပိုနေမြဲ ကျားနေမြဲအဖြစ်သို့ ပြန်လည်ရောက်ရှိစေရန် များစွာလုပ်ဆောင်ရန်ကျန်နေသေးသည်။ အာရပ်လေးနိုင်ငံက ကာတာအား လိုက်နာရန်ထုတ်ပြန်လိုက်သည့် အချက် ၁၃ ချက်ပါ တောင်းဆိုချက်ရှိ တချို့အချက်များမှာ ကာတာအစိုးရအနေဖြင့် လိုက်နာရန် အခက်အခဲရှိနေသည်။

ထို့ကြောင့် အဆိုပါတောင်းဆိုချက်ကို လိုက်နာနိုင်ခြင်းမရှိဟု ကာတာအစိုးရက တုံ့ပြန်ပြောဆိုလိုက်သည်။ ထို့ပြင် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးပံ့ပိုးပေးလျက်ရှိသည်ဟု ဒေသတွင်းနိုင်ငံအများအပြားက ယူဆထားသည့် အချက်ကိုလည်း ပြောင်းလဲပစ်ရန် ကာတာအနေဖြင့် ကြိုးပမ်းရဖွယ်ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကိုကြည့်ပါက ပြီးခဲ့သည့်လအတွင်းက ဖြစ်ပေါ်ခဲ့သည့်တင်းမာမှုများ မြင့်တက်နေသည့် အခြေအနေမှ အနည်းငယ်ပြောင်းလဲလာခဲ့ဖွယ်ရှိသည်။

တောင်းဆိုချက်ပါ အချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံများအပြင် အမေရိကန်ပြည်ထောင်စု၊ ကူဝိတ် စသည့် ကြားဝင်ဖျန်ဖြေပေးနေသည့် နိုင်ငံများအားလုံးကြား တိုင်တိုင်ပင်ပင်ဖြင့် လုပ်ဆောင်သွားရမည်သာဖြစ်ပေသည်။

**နိုင်အောင်**

**AFP, Sputnik**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အဆင့်မြင့်အိမ်ရာတိုက်ခန်းဝယ်ယူရန် နိုင်ငံခြားဘဏ်များမှ ဘဏ်ချေးငွေရယူနိုင်



ရန်ကုန် ဇူလိုင် ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တည်ဆောက်ထားသည့် အဆင့်မြင့်အိမ်ရာစီမံကိန်း Whizdom 101 မှ ကွန်ဒိုတိုက်ခန်းများဝယ်ယူမည့် မြန်မာနိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံရှိ UOB နှင့် ICBC ကဲ့သို့ နိုင်ငံခြားဘဏ်များမှ နိုင်ငံခြားသားအိမ်ရာချေးငွေကို လျှောက်ထားနိုင်မည်ဖြစ်ပြီး ၇၀ ရာခိုင်နှုန်းအထိရရှိနိုင်ကြောင်း SQFT Global Properties ၏ Head of Myanmar Office မနှင်းအိလွင်ထံမှ သိရသည်။

“Whizdom 101 စီမံကိန်းက အဆောက်အအုံနဲ့ပတ်သက်လို့ အနှစ် ၃၀ အာမခံပေးထားပါတယ်။ Smart Home စနစ်လည်း ထည့်သွင်းတည်ဆောက်ထားတယ်။ အခုဆိုရင် နိုင်ငံခြားသားပိုင်ဆိုင်ခွင့်ရတဲ့အခန်းလည်း အနည်းငယ်ပဲကျန်ပါတော့တယ်။ အတိုးနှုန်းက တစ်နှစ်ကို ၅ ရာခိုင်နှုန်းဝန်းကျင်ပဲရှိပြီး လိုအပ်တဲ့စာရွက်စာတမ်းပြည့်စုံရင် အိမ်တန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းအထိ ချေးနိုင်ပါတယ်” ဟု SQFT Global Properties ၏ Head of Myanmar Office မနှင်းအိလွင်ကပြောသည်။

အဆိုပါ Whizdom 101 စီမံကိန်းကို ဧရိယာစတုရန်းပေ ၈၇၀၀၀ ကျော်တွင် တည်ဆောက်ထားပြီး ၄၁ ထပ်မြင့်အဆောက်အအုံဖြစ်ကာ အရောင်းပြပွဲကို SQFT Global Properties က ဦးစီး၍ ရန်ကုန်မြို့၌ ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံစ**

# ခရီးသွားလုပ်ငန်းဥပဒေသစ် ယခုနှစ်အတွင်းထွက်ရှိမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေမူကြမ်းအား လွှတ်တော်သို့တင်ပြထားပြီး ယခုနှစ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းလှိုင်ထံမှ သိရသည်။

အဆိုပါဥပဒေသစ်ကို ၂၀၁၅ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး လတ်တလောတွင် ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာကော်မတီသို့ တင်ပြထားပြီးဖြစ်ရာ မကြာမီလွှတ်တော်၌ အတည်ပြုချက်ရယူမည်ဖြစ်သည်။

“အခု ရှေ့နေချုပ်ရုံးနဲ့ သက်ဆိုင်ရာကော်မတီကလည်း ခွင့်ပြုပါတယ်။ လွှတ်တော်ရဲ့ ခွင့်ပြုချက်ပဲ ကျန်ပါတော့တယ်”ဟု ဦးကျော်မင်းလှိုင်ကပြောသည်။

ထို့ပြင် မူကြမ်းခွင့်ပြုပြီး ရက်ပေါင်း ၉၀ အတွင်း နည်းဥပဒေထွက်ရှိရမည်ဖြစ်ရာ နည်းဥပဒေများကို ရေးဆွဲထားပြီးဖြစ်ကာ မူကြမ်းအတည်ပြုပြီးပါက ဥပဒေသစ်မှာ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

“အဲဒီအတွက် အဆင်ပြေအောင်နည်းဥပဒေကို တစ်ခါတည်းဆွဲနေပါတယ်။ အဲဒီတော့ ဥပဒေထွက်ပြီးတာနဲ့ ချက်ချင်းမရှေးမနှောင်းမှာပဲ အကျုံးဝင်ပြီး နည်းဥပဒေပါ ထပ်ပြီးအကျုံးဝင်မှာပါ”ဟု ဦးကျော်မင်းလှိုင်ကဆက်လက်ပြောသည်။

အဆိုပါ ဥပဒေမူကြမ်းတွင် အဓိကအားဖြင့် ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးပြီး လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ရရှိစေရန်၊ လိုင်စင်နှင့်ပတ်သက်သည့် ကိစ္စရပ်များအား လွယ်ကူစေရန် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

**နေနေ**

www.facebook.com/themyawadydaily

16.7.2017(P-24)STZ.indd 1
7/15/2017 9:58:51 PM

စေတနာအထူးပြုနိုဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၇-၂၀၁၈ ဗုဒ္ဓဂယာခရီးစဉ်များ)

သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (ရန်ကုန်-ဂယာ-ကိုးလ်ကတ္တား-ရန်ကုန်)

ရန်ကုန်မြို့တွင်း အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်ခရီးသည်များ ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်များတွင် အခမဲ့(၃)ကြိမ်တည်းခိုနိုင်ခြင်း (ရေပူရေအေး+ဖုန်း + အဲယားကွန်း + တီဗွီ + ဗီဒီယို + လေဆိပ်ပို့/ကြိုအခမဲ့)၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန်လာရောက်စဉ် လေဆိပ်/ကားဂိတ်မှ အထက်ပါ အိမ်များ/ ရုံးချုပ်/နိုင်ငံကူးလက်မှတ်ရုံးအထိ အခမဲ့ကြိုဆိုပို့ဆောင်ပေးခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများ လုံလောက်စွာပါရှိခြင်း ၊ ကာယလုပ်သား(၂)ဦး ၊ ဗွီဒီယို/ဓါတ်ပုံရိုက်ကူးသူ၊ အိမ်သုံးဆေးဝါးနှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးခြင်း ၊ နေ့စဉ် နံနက်စာ ၊ နေ့လည်စာ+ညနေစာ မြန်မာထမင်း/ဟင်းအပြင် အဆာပြေ(၂)ကြိမ်ကျွေးမွေးခြင်း။ ဟလရှောင်ကြော်၊ သရက်ချဉ်၊ ခေါက်ဆွဲ၊ ရိက္ခာခြောက်များ၊ ကော်ဖီမစ် နှင့် သောက်ရေသန့်များပါရှိခြင်း ၊ ဦးဆောင်ဆရာတော်(၁)ပါး ရှင်းပြခြင်းတို့ဖြင့် စိတ်ချမ်းသာစွာကုသိုလ်ယူနိုင်ရန် စီစဉ်ထားပါသည်။ နိုင်ငံကူးလက်မှတ် မရှိသေးလျှင် ကူညီဆောင်ရွက်ပေးသည်။ သံဃာ/သီလရှင် ၃၀,၀၀၀/-၊ ခရီးသည်ဟောင်း နှင့် အငြိမ်းစားများ ၁၀,၀၀၀/-၊ဦးစီးလိုက်ပါသူအား(၁၆)ဦးလျှင်(၁)ဦးအခမဲ့၊ (၁၀)ဦးလျှင်(၃၀%)၊ (၆)ဦးလျှင်(၁၀%)လျှော့ပါမည်။ (၄၉)ခုံပါသောအဲယားကွန်းကားကြီးတွင်(၃၅)ဦးဝန်းကျင်သာ ပို့ဆောင်ပါသည်။

| | | | | |
|---|---|---|---|---|
| ၈ ရက် | စရံ(၂)သိန်း | ဒေါ်လာ ၆၈၀ | အမှန်အကန် စရိတ်ငြိမ်း | - အောက်တိုဘာ ၃၊ ၂၄။ နိုဝင်ဘာ ၂၊ ၇၊ ၉၊ ၂၁။ ဒီဇင်ဘာ ၂၅၊ ၂၇။ ဇန်နဝါရီ ၃၊ ၃၁။ မတ် ၇၊ ၂၁။ ဧပြီ ၁၁။ |
| ၁၂ ရက် | | ဒေါ်လာ ၇၈၀ | | - အောက်တိုဘာ ၁၄၊ ၂၁၊ ၂၈။ နိုဝင်ဘာ ၆၊ ၁၁။ ဒီဇင်ဘာ ၉၊ ၁၄၊ ၂၃။ ဇန်နဝါရီလ ၂၀။ ဖေဖော်ဝါရီ ၃၊ ၁၀၊ ၁၅၊ ၂၄။ မတ် ၁၊ ၁၅၊ ၂၂။ ဧပြီ ၁၄။ (၂ သိန်း + ဒေါ်လာ(၃၀၀) စရံ ဦးစားပေးသွင်းသူ (၂၀၀)အား ဒေါ်လာ(၃၀)လျှော့ပါမည်။) |
| ၁၅ ရက် | | ဒေါ်လာ ၈၃၀ | | - အောက်တိုဘာ ၂၃။ နိုဝင်ဘာ ၉၊ ၂၉ (တရားစခန်း+ ၁၂ ရက်ဈေးနှုန်း)၊ ၃၀။ ဇန်နဝါရီ ၁၇၊ ၃၁။ မတ် ၆။ ဧပြီ ၁၂။ |
| ၁၅ ရက် (ကိုလ်ကတ္တားပါ) | | ဒေါ်လာ ၈၈၀ | | - အောက်တိုဘာ ၂၊ ၇၊ ၉၊ ၁၆၊ နိုဝင်ဘာ ၄၊ ၆၊ ၁၁၊ ၁၃၊ ၁၈၊ ၂၀၊ ၂၅။ ဒီဇင်ဘာ ၂၊ ၄၊ ၁၆။ ဇန်နဝါရီ ၁၊ ၆၊ ၁၃၊ ၂၀။ ဖေဖော်ဝါရီ ၃၊ ၅၊ ၁၀၊ ၁၂၊ ၁၇၊ ၁၉၊ ၂၄၊ ၂၆။ မတ် ၃၊ ၅၊ ၁၀၊ ၁၉၊ ၂၄၊ ၂၆။ ဧပြီ ၉။ |

Air Bus လေယာဉ်ကြီးများဖြင့်သာ

ညမောင်း လုံးဝ မပါ | စရံငွေချေ/ဦးရာလူစနစ် | သံရုံးသို့လိုက်ရန်မလို | Website : www.khinnandartravel.com | Email: khinnandartravels@gmail.com

ကွန်ဒို (E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃ ၊ ၀၉-၅၆၀၀၄၄၄




# မကြာမီ အနာဂတ်အတွက် ကြီးမားလွန်းသောသတင်းစကားပေးမည်ဟု မိုဗစ်ချ်ဆို



မန်ချက်စတာ ဇူလိုင် ၁၅

ပြီးခဲ့သည့်ရာသီတွင် မန်ယူအသင်းသို့ တစ်နှစ်စာချုပ်ဖြင့် လာရောက်ကစားရာတွင် ပွဲပေါင်း ၄၆ ပွဲကစားပြီး ၂၈ ဂိုးသွင်းပေးနိုင်သော ဆွီဒင်ဝါရင့် တိုက်စစ်မှူး မိုဗစ်ချ်က မိမိအနာဂတ်နှင့်ပတ်သက်ပြီး အလွန်ကြီးမားသော သတင်းစကားတစ်ရပ်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောသည်။ မိုဗစ်ချ်သည် ဧပြီလက အန်ဒါလက်ချ်နှင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဒူးအရွတ်ပြတ်ဒဏ်ရာရရှိသွားခြင်းကြောင့် ၂၀၁၈ ခုနှစ်မှ ပြန်ကစားနိုင်တော့မည်ဖြစ်၍ မန်ယူအသင်းက စာချုပ်မတိုးတော့ဘဲ အသင်းမှထွက်ခွာခွင့်ပြုခဲ့ပြီး လေ့ကျင့်မှုကို အသင်းတွင် ဆက်လက်ပြုလုပ်ခွင့်ပေးထားသည်။

မိုဗစ်ချ်နှင့် ၎င်း၏အေးဂျင့်ရိုင်အိုလာတို့ကို ယမန်နေ့က မန်ချက်စတာမြို့ရှိ တာတူစားသောက်ဆိုင်မှ နှစ်ဦးသားထွက်လာသည်ကို သတင်းသမားများက စောင့်ကြည့်ဖော်ပြခဲ့ပြီး တစ်ဦးကမေးမြန်းရာတွင် မိုဗစ်ချ်က "မကြာမီ အလွန်ကြီးမားတဲ့ ကြေညာချက်တစ်ရပ်ကို ခင်ဗျားတို့ကြားရမှာပါ။ ဒီသတင်းက တကယ့်ကိုကြီးမားမှာပါ"ဟု တုံ့ပြန်ဖြေကြားသည်။

မိုဗစ်ချ်သည် အသက် ၃၅ နှစ်ရှိပြီဖြစ်သော်လည်း အကောင်းဆုံးကစားနိုင်သေးပြီး အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲတွင်လည်း မိုဗစ်ချ်သည် ဆောက်သမ်တန်ကို ၃ ဂိုး-၂ ဂိုးဖြင့် နိုင်ခဲ့ရာတွင် ပွဲချိန် ၈၇ မိနစ်အတွင်း သွင်းယူသော အနိုင်ဂိုးအပါအဝင် နှစ်ဂိုးသွင်းပေးခဲ့သည်။

*Ref:BBC*

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# တပ်မတော်စစ်သမိုင်းပြတိုက်သို့ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါသည်



☆ တပ်မတော်စစ်သမိုင်းပြတိုက်ကို အမျိုးသားရေးယုံကြည်ချက်နှင့်ခံယူချက်ပြည့်ဝသည့် မြန်မာ့တပ်မတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးတွင် ရှေ့ဆုံးမှဦးဆောင်၍ ရဲဝံ့ပြောင်မြောက်စွာစွန့်စားတိုက်ပွဲဝင်ခဲ့မှု၊ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စွန့်လွှတ်ပေးဆပ်မှုများဖြင့် ထိန်းသိမ်းကာကွယ်ခဲ့မှု၊ အမျိုးသားရေးကိုအစဉ်ဦးထိပ်ထား၍ နိုင်ငံတော်တွင်အခက်အခဲနှင့်ဘေးအန္တရာယ်များကြုံတွေ့ချိန်တိုင်း အသက်ကိုပမာနမထားဘဲ ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်ဆောင်ရွက်ခဲ့မှု၊ ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှု စသည့်သမိုင်းဝင်မှတ်တမ်းများကို ရဟန်းရှင်လူပြည်သူအပေါင်းက တွေ့မြင်သိရှိလေ့လာနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ထက်သန်စွာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်လိုသည့်စိတ်ဓာတ်များပေါ် ပေါက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

☆ တပ်မတော်စစ်သမိုင်းပြတိုက်သည် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ၂၅၉ မိုင်၊ ၃ ဖာလုံအနီးတွင်တည်ရှိပြီး တပ်မတော်(ကြည်း)ပြကွက် အဆောင် ၆ ဆောင်၊ တပ်မတော်(ရေ)ပြကွက် အဆောင် ၃ ဆောင်နှင့် တပ်မတော်(လေ)ပြကွက် အဆောင် ၃ ဆောင်တို့အပြင် ပြင်ပပြကွက် ၃ ခုတို့ဖြင့် အဆင့်မြင့်စွာဖွဲ့စည်းတည်ဆောက်ထားပါသည်။

☆ တပ်မတော်စစ်သမိုင်းပြတိုက်သို့ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်အနေဖြင့်သော်လည်းကောင်း **မည်သူမဆို အခမဲ့** ဝင်ရောက်လေ့လာနိုင်ပါသည်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို အပတ်စဉ် တနင်္လာနေ့တိုင်းနှင့်နေ့ထူးနေ့မြတ်ရုံးပိတ်ရက်များမှအပ နေ့စဉ်(အင်္ဂါနေ့မှ တနင်္ဂနွေနေ့ထိ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တပ်မတော်စစ်သမိုင်းပြတိုက်**



## ဒီဂီယာအတွက် ရီးယဲလ်ကမ်းလှမ်းမှု မန်ယူက ပေါင် သန်း ၆၀ ကျော် တောင်းဆို

မန်ချက်စတာ ဇူလိုင် ၁၅

ရီးယဲလ်အသင်းသည် မန်ယူအသင်းမှ ဂိုးသမား ဒီဂီယာကို တန်ကြေးကြီးမားလွန်းသော ကမ်းလှမ်းမှုတစ်ရပ်လုပ်ထားကြောင်း မန်ယူအသင်းတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောသည်။ ဒီဂီယာသည် မန်ယူနှင့်စာချုပ်နှစ်နှစ်ကျန်နေသေးပြီး မန်ယူအသင်းသည် ၎င်းအားရောင်းချရန် အလိုမရှိသော်လည်း ရီးယဲလ်အနေဖြင့် အမှန်တကယ်ခေါ်ယူလိုလျှင် ဂိုးသမားတစ်ဦးအတွက် အံ့အားသင့်ဖွယ်ရာ ကမ္ဘာ့စံချိန်တင်ဈေးဖြစ်သော ပေါင် သန်း ၆၀ ကျော်ဖြင့် ကမ်းလှမ်းမှသာ လက်ခံဖွယ်ရှိကြောင်း တုံ့ပြန်ခဲ့သည်။

မန်ယူအသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူကို မခေါ်ယူနိုင်သေးမီ ရီးယဲလ်တိုက်စစ်မှူး မိုရာတာကို ခေါ်ယူနိုင်ရန် ကြိုးစားရာတွင် ရီးယဲလ်အလိုရှိသော ဒီဂီယာနှင့်မပတ်သက်ဘဲ ကြိုးစားခဲ့ခြင်းဖြစ်ပြီး ယခုလည်း ဒီဂီယာမပြောင်းလိုလျှင် ပြောင်းရွှေ့ကြေး မည်မျှမြင့်မားစွာပေးပါစေ ရောင်းချမည်မဟုတ်ဟု သိရသည်။

မန်ယူအသင်းသည် လက်ရှိတွင် အမေရိကန်ပြည်ထောင်စု ဆန်တာကာလာမြို့သို့ ရောက်ရှိနေပြီး ခြေစမ်းပွဲများကစားရန် ပြင်ဆင်နေသည်။ မော်ရင်ဟိုက "ဂလက်ဆီနဲ့ ပထမပွဲမှာ ဂိုးသမားရိုမီယိုကို မသုံးဘူး။ ဒီဂီယာပွဲတစ်ဝက်၊ လူငယ်ဂိုးသမားလေး ပါရီးယားပွဲတစ်ဝက်ကစားမယ်။ ဒုတိယပွဲဖြစ်တဲ့ မန်စီးတီးနဲ့ပွဲမှာ ဒီဂီယာမပါဘဲ ရိုမီယိုနဲ့ ပါရီးယားကစားမယ်" ဟု ပြောသည်။ မန်ယူသည် ရီးယဲလ်နှင့် ဥရောပစူပါဖလားပွဲမကစားမီ အမေရိကန်၌ ခြေစမ်းပွဲအဖြစ် ရင်ဆိုင်ရဦးမည်ဖြစ်သည်။

***Ref:Dailymail***

## ချယ်လ်ဆီးအသင်းမှ ချာလိုဘက် ဝက်ဖို့ဒ်အသင်းသို့ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၁၅

၂၀၀၅ ခုနှစ်ကတည်းက ချယ်လ်ဆီးလူငယ်အသင်းသို့ ရောက်ရှိလာသော ကွင်းလယ်ကစားသမား ချာလို ဘက်ကို ချယ်လ်ဆီးအသင်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းထားသော်လည်း ကစားသမားဘက်မှပယ်ချကာ ပုံမှန်ပွဲထွက်ခွင့်ရရေးအတွက် ပရီးမီးယားလိဂ်ကလပ် ဝက်ဖို့ဒ်အသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။ ချာလိုဘက်ချ်သည် အသက် ၂၂ နှစ်သာရှိသေးပြီး ချယ်လ်ဆီးတွင် ပရီးမီးယားလိဂ် ၁၀ ပွဲသာ ကစားခွင့်ရခဲ့သည်။

ချာလိုဘက်သည် ဝက်ဖို့ဒ်တွင် ကျောနံပါတ်(၁၄) ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ ၎င်းသည် ၂၀၁၇ ယူ-၂၁ ဥရောပ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အင်္ဂလန်ကို ဆီမီးဖိုင်နယ်တက်စေနိုင်သော ကစားသမားများတွင် အဓိကပါဝင်ခဲ့သည်။

***Ref:BBC***

# Forbes မှထုတ်ပြန်သော တန်ကြေးအကြီးဆုံးဘောလုံးအသင်းအဖြစ် ရီးယဲလ်နှင့်ဘာစီလိုနာတို့ကိုကျော်ဖြတ်ပြီး မန်ယူရပ်တည်




လော့အိန်ဂျလိ ဇူလိုင် ၁၅

အမေရိကန်အခြေစိုက် ဘဏ္ဍာရေးစစ်တမ်းပြုစုသော Forbes မဂ္ဂဇင်းမှ နောက်ဆုံးထုတ်ပြန်လိုက်သည့် ၂၀၁၇ ခုနှစ် တန်ကြေးအကြီးဆုံးအားကစားအသင်း ၅၀ စာရင်းတွင် မန်ယူအသင်းသည် တတိယနေရာ၌ ရပ်တည်နိုင်သော်လည်း ဘောလုံးအသင်းများအနက် ဘာစီလိုနာနှင့်ရီးယဲလ်တို့ကို ကျော်ဖြတ်ကာ တန်ကြေးအကြီးဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ်ဖလားတစ်လုံးမျှမရခဲ့သော်လည်း အသင်းတန်ကြေးသည် ယမန်နှစ်ကထက် ၁၁ ရာခိုင်နှုန်းတိုးလာကာ ယမန်နှစ်က တန်ကြေး ပေါင် ၂ ဒသမ ၅၇ ဘီလီယံသာတန်ခဲ့ပြီး ယခုနှစ်တွင် ပေါင် ၂ ဒသမ ၈၅ ဘီလီယံအထိ တန်ကြေးတက်လာခြင်းကြောင့် ဘောလုံးအသင်းများအနက် တန်ကြေးအကြီးဆုံးအသင်းဖြစ်လာသည်။

မန်ယူထက်ပို၍တန်ကြေးကြီးသော အားကစားအသင်းနှစ်သင်းရှိပြီး အမေရိကန်ဘောလုံးလိဂ်(အင်န်အက်ဖ်အယ်လ်)ပြိုင်ပွဲဝင် ဒဲလက်စ်ကောင်းဘွိုင်အသင်းမှာ တန်ကြေးပေါင် ၃ ဒသမ ၂၅ ဘီလီယံဖြင့် ထိပ်ဆုံးမှ ရပ်တည်နေသကဲ့သို့ ဒုတိယနေရာတွင်လည်း မေဂျာလိဂ် ဘေ့စ်ဘော(အမ်အယ်လ်ဘီ) နယူးယောက်ယန်းကီးအသင်းက ပေါင် ၂ ဒသမ ၈၆ ဘီလီယံဖြင့် ရပ်တည်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်က တစ်ကမ္ဘာလုံးရှိ အားကစားအသင်းများထဲတွင် တန်ကြေးအကြီးဆုံးဖြစ်ခဲ့ပြီး ယမန်နှစ်က ဘောလုံးအသင်းများထဲ တန်ကြေးအကြီးဆုံးအသင်းအဖြစ် ရပ်တည်နိုင်သော ရီးယဲလ်အသင်းမှာ ကွင်းတွင်အောင်မြင်မှုများရသော်လည်း ဘဏ္ဍာရေးပိုင်းတွင် ကျဆင်းနေပြီး ပေါင် ၂ ဒသမ ၈၁ ဘီလီယံတန်ကြေးရှိသော စတုတ္ထတန်ကြေးအကြီးဆုံးအသင်း ဘာစီလိုနာနောက် ပေါင် ၂ ဒသမ ၇၇ ဘီလီယံသာတန်သည့် ပဉ္စမမြောက်တန်ကြေးအကြီးဆုံးအသင်းအဖြစ်သို့ ကျဆင်းခဲ့ရသည်။ ဘောလုံးအသင်းများထဲတွင် အာဆင်နယ်အသင်းမှာ တန်ကြေးအကျဆုံးအဖြစ် အဆင့်(၂၀) ကျသွားခဲ့သည်။

***Ref:Dailymail***

### Forbes ၏ ၂၀၁၇ တန်ကြေးအကြီးဆုံး အားကစားအသင်း ၁၀ သင်း

| | | |
|---|---|---|
| ၁ | ဒဲလက်စ်ကောင်းဘွိုင် | (အင်န်အက်ဖ်အယ်လ်) |
| ၂ | နယူးယောက်ယန်းကီး | (အမ်အယ်လ်ဘီ) |
| ၃ | မန်ယူ | (ဘောလုံး) |
| ၄ | ဘာစီလိုနာ | (ဘောလုံး) |
| ၅ | ရီးယဲလ် | (ဘောလုံး) |
| ၆ | နယူးအင်္ဂလန်ပက်ထရိယော့စ် | (အင်န်အက်ဖ်အယ်လ်) |
| ၇ | နယူးယောက်နစ်ကာ | (အင်န်ဘီအေ) |
| ၈ | နယူးယောက်ဂျိုင်းယန့် | (အင်န်အက်ဖ်အယ်လ်) |
| ၉ | ၄၉ အီးအာအက်စ် | (အင်န်အက်ဖ်အယ်လ်) |
| ၁၀ | အယ်လ်အေလိတ်ကာ | (အင်န်ဘီအေ) |

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# စင်ကာပူဝန်ကြီးချုပ်အနေဖြင့် အာဏာအလွဲသုံးစားလုပ်ခြင်း ရှိ၊ မရှိကို စုံစမ်းစစ်ဆေးပေးရန် ဆန္ဒပြသူများတောင်းဆို

စင်ကာပူ ဇူလိုင် ၁၅

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ကွယ်လွန်သွားပြီဖြစ်သော ဖခင်၏နေအိမ်ကိစ္စနှင့်ပတ်သက်၍ ညီအစ်ကိုမောင်နှမများနှင့် အချေအတင်ဖြစ်ရာတွင် ၎င်း၏အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ လွတ်လပ်စွာစုံစမ်းစစ်ဆေးပေးရန် ဆန္ဒပြသူ ၄၀၀ နီးပါးက Speakers' Corner ဆန္ဒပြကွင်း၌ ဇူလိုင် ၁၅ ရက်တွင် စုဝေးကာ ဆန္ဒပြတောင်းဆိုကြကြောင်း သိရသည်။

လီရှန်လွန်း၏ဖခင် လီကွမ်ယူမှာ စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို သက်တမ်းအရှည်ဆုံးထမ်းဆောင်သူဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ကွယ်လွန်သည်။ လီကွမ်ယူ၏နေအိမ်သည် အမှတ် ၃၈ အောက်ဇလေးလမ်းတွင်တည်ရှိပြီး ၎င်းနေအိမ်အား ဖြိုချခြင်း ပြု၊ မပြုနှင့်ပတ်သက်၍ မောင်နှမသားချင်းအချင်းချင်း စိတ်ဝမ်းကွဲကြခြင်းဖြစ်သည်။ လီရှန်လွန်းက လီကွမ်ယူ၏နေအိမ်အား သမိုင်းဝင်ပြတိုက်တစ်ခုအဖြစ်ထားရှိရန် အစိုးရသို့အပ်နှံလိုက်သည်။

လီကွမ်ယူ၏မိသားစုပြဿနာမှာ တိုင်းပြည်မငြိမ်မသက်သည်အထိဖြစ်လာပြီး စင်ကာပူနိုင်ငံအား စင်ကာပူပြည်သူများကသာ ပိုင်ဆိုင်ကြောင်းနှင့် လီမိသားစုက မပိုင်ဆိုင်ကြောင်း ဆန္ဒပြသူများက အော်ဟစ်ဆန္ဒပြကြသည်။

စင်ကာပူနိုင်ငံတွင် ဆန္ဒပြသူ ၄၀၀ နီးပါးပါဝင်သော လူအုပ်ဖြင့် ဆန္ဒပြခြင်းသည် အစိုးရအား အကြီးမားဆုံးဆန့်ကျင်ဆန္ဒပြမှုတစ်ခုဖြစ်သည်။

ဝန်ကြီးချုပ် လီရှန်လွန်းက ညီအစ်ကိုမောင်နှမများစွပ်စွဲသကဲ့သို့ အာဏာကို အလွဲသုံးစားလုပ်ခဲ့သည်ဟူသော သက်သေအထောက်အထားမရှိကြောင်း ကြေညာပြီးနောက် ယင်းကိစ္စသည် ယခုလအစောပိုင်းတွင် လွှတ်တော်၌ အငြင်းပွားစရာကိစ္စရပ်တစ်ခုဖြစ်လာကြောင်း သိရသည်။

လီရှန်လွန်းနှင့် မိသားစုဝင်များအကြား အငြင်းပွားမှုပြဿနာသည် လီကွမ်ယူတွေမြင်လိုသော ဆန္ဒမဟုတ်ကြောင်း ဆန္ဒပြမှုတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်နှင့် နိုင်ငံရေးလှုပ်ရှားတက်ကြွသူ ဒိုစမန်ဆူလေမန်းက ပြောသည်။

Ref: Reuters




# တရုတ်နိုင်ငံ ကျီလင်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား၊ ရှစ်ဦးထက်မနည်းသေဆုံး



ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားကာ ရှစ်ဦးထက်မနည်းသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း Xinhua သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် ဖော်ပြသည်။

ယောင်ကျိစီရင်စုအလယ်ပိုင်းတွင် မိုးရွာသွန်းမှုပိုမိုဆိုးရွားပြီး ၎င်းစီရင်စုအတွင်း သေဆုံးသူငါးဦးရှိကြောင်း သိရသည်။ ကျီလင်ပြည်နယ်၌ ဇူလိုင် ၁၃ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခြင်းဖြစ်ပြီး ဒေသခံ ၁၂၀၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးပြီးဖြစ်သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များ၊ လမ်းများနှင့် တံတားများအပါအဝင် အခြေခံအဆောက်အအုံများစွာ ထိခိုက်ပျက်စီးပြီး ၎င်းပြည်နယ်အတွင်းရှိ စီရင်စု ၁၃ စုအတွင်းမှ ဒေသခံ ၃၂၀၀၀၀ နီးပါး ရေကြီးမှုဒဏ်ကို ခံစားကြုံတွေ့ရလျက်ရှိသည်။

တရုတ်မိုးလေဝသဌာနက နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုနှင့်ပတ်သက်၍ အပြာရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားသည်။ အထူးသဖြင့် ဟိုင်နန်ပြည်နယ်နှင့် ကွမ်တုံပြည်နယ်တို့၌ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု အမျိုးသားမိုးလေဝသဌာနက ပြောသည်။

အန်ဟွေ၊ ရှန်တုန်၊ ကျန်းဆုနှင့် ဟိုင်နန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန်လက်မ ၁၄၀ မီလီမီတာအထိရှိနိုင်ကြောင်း Xinhua သတင်းဌာနက ဖော်ပြသည်။

မိုးရေကြီးမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဘေးဒုက္ခများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း အစရှိသည့်ဆောင်ရွက်မှုများကို ကြိုတင်ပြုလုပ်ထားသင့်သည်ဟု မိုးလေဝသဌာနက ဒေသဆိုင်ရာတာဝန်ရှိသူများအား သတိပေးထားသည်။

Ref: Sputnik

# အိန္ဒိယတွင် ကုန်တင်ကားနှင့် ဘတ်စ်ကားတို့တိုက်မိ၊ ၁၀ ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးနာဒူပြည်နယ်၌ သံမဏိများအပြည့်တင်ဆောင်လာသည့် ကုန်တင်ကားနှင့် ခရီးသည်တင်ဘတ်စ်ကားတို့ တိုက်မိမှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

အဆိုပါမတော်တဆမှုသည် တမီးနာဒူပြည်နယ် ချန်းနိုင်းမြို့တော်တောင်ဘက် ၃၇၃ ကီလိုမီတာအကွာ သန်ဂျာဗာခရိုင် ဗာလမ်မြို့ရှိ ခုံးကျော်တံတားတစ်စင်းအပေါ်၌ ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ၎င်းယာဉ်တိုက်မိမှုအတွင်း ကုန်တင်ယာဉ်မှ သံမဏိချောင်းများမှာ ဘတ်စ်ကားအတွင်းရှိ ခရီးသည်အချို့ကို ထိုးစိုက်မိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

ခရီးသည် ၆၀ ခန့်ကိုတင်ဆောင်လာသည့် အဆိုပါ နိုင်ငံပိုင်ခရီးသည်တင်ဘတ်စ်ကားသည် ခရိုင်အတွင်းပြေးဆွဲမောင်းနှင်နေခြင်းဖြစ်ကြောင်းနှင့် မတော်တဆမှုအတွင်း ယာဉ်မောင်းနှစ်ဦးအပါအဝင် ခရီးသည်ရှစ်ဦးသေဆုံးကြောင်း သိရသည်။

ကနဦးစုံစမ်းစစ်ဆေးချက်များအရ အဆိုပါယာဉ်နှစ်စီးသည် သတ်မှတ်နှုန်းထက်ကျော်လွန်ကာ မောင်းနှင်ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် မတော်တဆမှုနှင့်ပတ်သက်၍ သေချာလေ့လာစိစစ်သွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ပြောဆိုချက်အရ သိရသည်။

Ref: Xinhua

# ဟိုနိုလူလူမြို့ရှိ အထပ်မြင့်အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွား၊ သုံးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရ

ဟိုနိုလူလူ ဇူလိုင် ၁၅

အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီပြည်နယ် ဟိုနိုလူလူမြို့ရှိ အထပ်မြင့်ကွန်ဒိုမီနီယံအဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး အနည်းဆုံးငါးဦးဒဏ်ရာရရှိသွားကြောင်း မြို့တော်အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည် ကာပီယိုလာနီလမ်းရှိ ၃၆ ထပ်မြင့်သော မာကိုပိုလိုကွန်ဒိုမီနီယံ၌ ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း KHON2 သတင်းဌာနက ဖော်ပြသည်။ မီးလောင်မှုဖြစ်ပွားနေသည့်အထပ်အနီးရှိ အခြားအထပ်များမှ လူအချို့မှာ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အဆောက်အအုံအတွင်းမှလူများကို ဘေးအန္တရာယ်ကင်းစွာထွက်ခွာနိုင်စေရန် မီးသတ်တပ်ဖွဲ့ဝင်များကကြိုးပမ်းနေကြောင်း မြို့တော်မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူ ဒေးဗစ်ဂျန်ကင်က ပြောသည်။ ကွန်ဒိုမီနီယံ၌လောင်ကျွမ်းနေသည့်မီးကို လေးနာရီကြာငြိမ်းသတ်လိုက်ရကြောင်း မြို့တော်ဝန်ကာ့ကိုးဝဲက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောသည်။

အဆိုပါမာကိုပိုလိုကွန်ဒိုမီနီယံတွင် အခန်းပေါင်း ၅၆၈ ခန်း၊ အထပ်ခုနစ်ထပ်ပါ ကားရပ်နားရာနေရာတစ်ခုတို့ပါဝင်ကြောင်း သိရသည်။

Ref: Sputnik



# တီဟီရန်ရှိ မြေအောက်မီးရထားဘူတာရုံ၌ ဓားဖြင့်တိုက်ခိုက်သူကို ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီး

ဒူဘိုင်း ဇူလိုင် ၁၅

အီရန်နိုင်ငံ တီဟီရန်မြို့တောင်ပိုင်း ရှာအီရေးခရိုင်ရှိ မြေအောက်မီးရထားဘူတာရုံ၌ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးနှင့် ခရီးသွားများကို ဓားဖြင့်တိုက်ခိုက်သော အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးလိုက်ကြောင်း နိုင်ငံပိုင်ရုပ်သံသတင်းဌာနတစ်ခုက ဖော်ပြသည်။

အဆိုပါအမျိုးသားသည် မြေအောက်မီးရထားဘူတာရုံတွင် အငြင်းပွားစကားများပြီးနောက် ခရစ်ယာန်ဘုန်းတော်ကြီးကို ဓားဖြင့်တိုက်ခိုက်ခြင်းဖြစ်ကြောင်းနှင့် ယင်းတိုက်ခိုက်မှုအတွင်း အနီးရှိ အခြားခရီးသွားအမျိုးသားတစ်ဦးလည်းဒဏ်ရာရရှိကြောင်း ရှာအီရေးခရိုင်မှ လက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာဒီတမ်ဟီဒီက ပြောသည်။

ထို့နောက် ရဲတပ်ဖွဲ့သည် ဘူတာရုံ၌ ဓားဖြင့်တိုက်ခိုက်သည့် အဆိုပါအမျိုးသားကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး နောက်ပိုင်းတွင် သေနတ်ဒဏ်ရာဖြင့်သေဆုံးသွားကြောင်းနှင့် ၎င်းအမျိုးသားမှာ စိတ်ပိုင်းဆိုင်ရာမူမမှန်သူတစ်ဦးဖြစ်ကြောင်း တမ်ဟီဒီကဆက်လက်ပြောသည်။

အဆိုပါမတော်မဆမှုဖြစ်ပွားပြီးနောက် ရှာအီရေးမီးရထားဘူတာရုံ၌ ပုံမှန်အတိုင်း ရထားများပြေးဆွဲလျက်ရှိကြောင်း မီးရထားဘူတာရုံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

Ref: Reuters

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# ပြိုင်ဆိုင်မှုပြင်းထန်မည့် စီးတီးရန်ကုန်နှင့် မဟာယူနိုက်တက် အသင်းတို့ပွဲစဉ်ကို ဝင်ကြေးအခမဲ့သတ်မှတ်

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ယှဉ်ပြိုင် ကစားမည့် ချန်ပီယံစီးတီးရန်ကုန်အသင်းနှင့် ဒုတိယ မဟာယူနိုက်တက်အသင်းတို့၏ ပွဲစဉ်ကို ဝင်ကြေးအခမဲ့ သတ်မှတ်ထား ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ကျင်းပရေးဌာန သည် အောင်ဆန်းကွင်း၌ ဆုပေးပွဲအခမ်း အနားနှင့်အတူကျင်းပမည့် စီးတီးရန်ကုန် အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပွဲစဉ်ကို ပရိသတ်အများအပြား လာရောက် ကြည့်ရှုနိုင်ရန် ဝင်ကြေးအခမဲ့ သတ်မှတ် ထားခြင်းဖြစ်သည်။

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ သည် ပြိုင်ပွဲမပြီးဆုံးသေးမီမှာပင် ချန်ပီယံ အသင်းနှင့် တန်းတက်နိုင်သည့်အသင်းများ ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။ ချန်ပီယံဆုကို စီးတီးရန်ကုန်အသင်းကရရှိခဲ့ပြီး တန်းတက် နိုင်သကဲ့သို့ မဟာယူနိုက်တက်အသင်းမှာ လည်း ဒုတိယနေရာဖြင့် ပြိုင်ပွဲမပြီးဆုံးမီ တန်းတက်နိုင်ခဲ့သည်။

ထို့ကြောင့် လိဂ်နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် စီးတီးရန်ကုန်နှင့် မဟာ ယူနိုက်တက်အသင်းတို့၏ပွဲစဉ်သည် ၂၀၁၈ မြန်မာနေရှင်နယ်လိဂ်-၁ သို့ တန်းတက်နိုင် သည့် အသင်းများဖြစ်သောကြောင့် ယင်း နှစ်သင်းတွေ့ဆုံမှုသည် ရလဒ်ပိုင်းအရေး မကြီးသော်လည်း ဂုဏ်သိက္ခာပိုင်း ပြိုင်ဆိုင် ရမည့်ပွဲဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲ ဖြစ်လာနိုင်ကြောင်း သိရသည်။

**တီတီ**

# အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာနှင့် မလေးရှားခြေစမ်းပွဲမှ မတူညီသည့် ကစားသမားစာရင်းနှင့် ကစားကွက်များ တွေ့မြင်ရမည်ဟုဂတ်ဇီဆိုပြော

ရန်ကုန် ဇူလိုင် ၁၅

ဇူလိုင် ၁၉ ရက်တွင် စတင်ယှဉ်ပြိုင် ကစားမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ပြီးခဲ့သည့် မလေးရှားနှင့် ခြေစမ်းပွဲမှ မတူညီသည့် ကစားသမားစာရင်းနှင့် ကစားကွက်များကို တွေ့မြင်ရမည်ဟု နည်းပြချုပ် ဂတ်ဇီဆို ကပြောသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇူလိုင် ၁၃ ရက်က မလေးရှား ယူ-၂၂ အသင်းနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ခြေစမ်း ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၂ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲစဉ်တွင် မြန်မာ ယူ-၂၂ အသင်းသည် မျက်နှာသစ်လူငယ်ကစား သမားများဖြစ်သည့် ရွှေကို၊ ရန်ပိုင်စိုးနှင့် အောင်ကောင်းမာန် စသောအရန်ကစား သမားများကိုပွဲထုတ်ပြီး အောင်သူ၊ မောင်မောင်လွင်နှင့် သန်းပိုင်တို့ကို လူစား လဲအဖြစ်သာအသုံးပြုခဲ့သည်။

ထို့ကြောင့် လာမည့်အာရှခြေစစ်ပွဲတွင် မြန်မာအသင်းအနေဖြင့် မလေးရှားခြေစမ်း ပွဲမှ မတူညီသည့် ကစားသမားစာရင်းနှင့် ကစားကွက်များကို တွေ့မြင်ရမည်ဖြစ်သည်။

"မလေးရှားနဲ့ခြေစမ်းပွဲမှာ အသုံးပြုခဲ့တဲ့ လူငယ်တွေက အာရှခြေစစ်ပွဲအတွက် အဆင်ပြေမလား စောင့်ကြည့်ရမှာပါ။ မလေးရှားကို ခြေစမ်းပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့် ဒီရလဒ်က အသင်းအတွက် မထိခိုက်ပါဘူး။ ကျွန်တော့်အနေနဲ့ ခြေစစ်ပွဲမှာ မတူညီတဲ့ ကစားသမားစာရင်းနဲ့ ကစားကွက်တွေ တွေ့မြင်ရမယ်လို့ ပြောချင်ပါတယ်" ဟု ဂတ်ဇီဆိုကပြောသည်။

မြန်မာ ယူ-၂၂ အသင်းသည် မလေးရှား နှင့် ခြေစမ်းပွဲအပြီးတွင် ယမန်နေ့က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ယင်းနေ့ညနေပိုင်းမှာပင် သုဝဏ္ဏလေ့ကျင့် ရေးကွင်း၌ လေ့ကျင့်မှု ပြန်လည်စတင် ခဲ့ကြောင်း သိရသည်။

**တီတီ**



# (၉)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်နေပြီး ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

(၉)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် စင်ကာပူနိုင်ငံရှိ အမျိုးသားအား ကစားရုံ၌ကျင်းပရာ အာဆီယံဒေသတွင်း မှ တီမောနိုင်ငံမှအပ ကျန်အာဆီယံဒေသ တွင်း ၁၀ နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်လျက်ရှိ ကြောင်း သိရသည်။

ယခုပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှစတင် ကာ ဇူလိုင် ၂၀ ရက်အထိ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

(၉)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် ဘတ်စကက်ဘော၊ ကြက်တောင်၊ ရေကူး၊ ပြေးခုန်ပစ်၊ ကျွမ်းဘား၊ နက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်း နစ်၊ ဘိုးလင်းနှင့် ဘော်လီဘော စသည့်အား ကစားနည်း ၁၀ မျိုး ထည့်သွင်းကျင်းပလျက် ရှိပြီး မြန်မာနိုင်ငံမှ အားကစားနည်း ခုနစ် မျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ ကြက် တောင်၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ တင်းနစ် နှင့် စားပွဲတင်တင်းနစ် စသောအားကစား နည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ ကြောင်း သိရသည်။

အာဆီယံကျောင်းသားအားကစားပြိုင် ပွဲကို ၂၀၀၉ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပ လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ယခု တစ်ကြိမ်မှ ပထမဆုံးအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**MK**

# ဆီးဂိမ်းတွင် ပီတန်းအဖွဲ့အနေဖြင့် အနည်းဆုံး ရွှေတံဆိပ် တစ်ခုရရှိရန် မျှော်မှန်း

ရန်ကုန် ဇူလိုင် ၁၅

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဝင် ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ပီတန်းအားကစားအဖွဲ့အနေဖြင့် အနည်း ဆုံး ရွှေတံဆိပ်တစ်ခုရရှိမည်ဟု မျှော်မှန်း ထားကြောင်း နည်းပြဦးငြိမ်းချမ်းဖြိုးက ပြောသည်။

လက်ရှိတွင် မြန်မာပီတန်းအသင်းကို ထိုင်းနည်းပြ ဗီအိုင်းနှင့် မြန်မာနည်းပြ ဦးငြိမ်းချမ်းဖြိုးတို့က တာဝန်ယူကာ ကစား သမားများအဖြစ် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးရှစ်ဦးတို့ဖြင့် လေ့ကျင့်နေပြီး ထိုင်းနိုင်ငံ၌ သုံးပတ်ကြာ ပူးပေါင်းလေ့ကျင့် မှုများ ပြုလုပ်ခဲ့သည်။

မလေးရှားနိုင်ငံ၌ လက်ခံကျင်းပမည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ၏ ပီတန်းအားကစား နည်းတွင် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲအပြင် အမျိုး သား၊ အမျိုးသမီး (Mix Douple) ပြိုင်ပွဲ စသည့် အမျိုးအစားခုနစ်မျိုး ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာပီတန်းအဖွဲ့အနေဖြင့် ယင်းအမျိုးအစားအားလုံး၌ ယှဉ်ပြိုင်မည် ဖြစ်သည်။

"ဒီနှစ်ဆီးဂိမ်းအတွက် အသင်းကိုသေချာ ပြင်ဆင်ထားပါတယ်။ ထိုင်းမှာလည်းသုံးပတ် လောက် ပူးပေါင်းလေ့ကျင့်မှုတွေလုပ်ထား ပါတယ်။ ကစားသမားတွေကိုလည်း အားရ ကျေနပ်မှုရှိပါတယ်။ ပွဲတိုင်းတော့ အကောင်း ဆုံးယှဉ်ပြိုင်ရမှာပါပဲ။ ကာလရှည်သေချာ ပြင်ဆင်ထားတဲ့အတွက် အနည်းဆုံး ရွှေ တံဆိပ်တစ်ခုရဖို့ မျှော်မှန်းထားပါတယ်" ဟု မြန်မာပီတန်းအဖွဲ့နည်းပြ ဦးငြိမ်းချမ်းဖြိုး ကပြောသည်။

မြန်မာပီတန်းအားကစားအဖွဲ့သည် ၂၀၁၃ ခုနှစ် နေပြည်တော်ဆီးဂိမ်း၌ ရွှေသုံးခု၊ ကြေးတစ်ခုနှင့် ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင် ကြေးနှစ်ခုရရှိခဲ့ကြောင်း သိရသည်။ **MK**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရောဝတီအသင်း နိုင်ပွဲဆက်ပြီး ချန်ပီယံဖြစ်ရန် နီးစပ်လာ

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၇ မြန်မာနေရှင်နယ်လိဂ် အသက် ၂၁ နှစ်အောက် ပြိုင်ပွဲ ပွဲစဉ် (၂၁)ကို ယမန် နေ့ကယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယား



ထိပ်မှ ရောဝတီယူနိုက်တက် ယူ-၂၁ အသင်း က ရခိုင်ယူနိုက်တက် ယူ-၂၁ အသင်းကို အနိုင်ရရှိကာ နိုင်ပွဲဆက်ခဲ့ပြီး ချန်ပီယံဆု အတွက် နီးစပ်လာပြီဖြစ်သည်။

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားသော ရောဝတီယူနိုက်တက် ယူ-၂၁ အသင်းနှင့် ရခိုင်ယူနိုက်တက် ယူ-၂၁ အသင်းတို့ပွဲစဉ် တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ ပြီး ရောဝတီယူနိုက်တက် ယူ-၂၁ အသင်း က ၄ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ် သည်။

ထို့ကြောင့် ရောဝတီယူနိုက်တက်ယူ-၂၁ အသင်းမှာ အမှတ်ပေးဇယားကိုရမှတ်ဖြတ် ကာ ဦးဆောင်နိုင်ခဲ့သည်။ အဆင့်(၂)နေရာ မှ ISPE (A) အသင်းနှင့် အဆင့်(၃)နေရာမှ ရှမ်းယူနိုက်တက် ယူ-၂၁ အသင်းတို့ပွဲစဉ်တွင် သရေရလဒ်ဖြစ်ခဲ့သောကြောင့် ရောဝတီ ယူနိုက်တက်အသင်းမှာ အဆင့်(၂)နေရာ မှ ISPE(A) အသင်းကို ရမှတ်လေးမှတ် အထိ ဖြတ်ထားနိုင်ခဲ့သည်။

ထို့ပြင် ရောဝတီယူနိုက်တက်အသင်းမှာ ၁၉ ပွဲသာကစားထားပြီး ရမှတ် ၄၃ မှတ်ရ ရှိထားကာ ISPE(A) အသင်းမှာ ပွဲ ၂၀ အထိကစားထားပြီး ရမှတ် ၃၉ မှတ်သာ ရရှိထားသောကြောင့် ရောဝတီယူနိုက်တက် အသင်းမှာ ရမှတ်ရော ပွဲစဉ်ပါ အသာရရှိ ထားသောကြောင့် ချန်ပီယံဆုဆွတ်ခူးရန် နီးစပ်လာပြီဖြစ်သည်။

လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်ယူ-၂၁ အသင်းမှာ ၁၈ ပွဲကစားထားပြီး ရမှတ် ၃၄ မှတ်သာရရှိထားသောကြောင့် ချန်ပီယံဘွဲ့ ကိုကာကွယ်ရန် ခွန်းကန်ရမည့်အခြေအနေ တွင်ရှိနေသည်။

**တီတီ**

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily

# ရေဝတီမြစ်ရေနှင့်ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်နိုင်သည့်ဒေသများ၌ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



တပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်း၍ ချင်းတွင်းမြစ်ရေမြင့်တက်ပြီး မုံရွာမြို့နယ်နှင့်ချောင်းဦးမြို့နယ်တို့ရှိ ကျေးရွာများသို့ ရေများဝင်ရောက်မှုများကြောင့် မုံရွာမြို့နယ်၊ ညောင်ဖြူပင်ကျေးရွာ၊ ဆန်းတောကြီးရေထိန်းတံတားအနီး တာပေါင်ရိုးနှင့် ချောင်းဦးမြို့နယ်၊ ရွှေဒါးကျကျေးရွာ ရေထိန်းတာတမံတို့၌ရေစိမ့်ထွက်မှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၁၄ ရက် နေ့လယ်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာ တပ်နယ်မှ တပ်မတော်သားများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တာပေါင်ဖို့ခြင်း၊ သဲအိတ်ချခြင်းများဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပခုက္ကူမြို့၊ အမှတ်(၁၃)ရပ်ကွက်အတွင်း ရေဝင်ရောက်နိုင်သောရေမြောင်းများအား ပခုက္ကူတပ်နယ်မှတပ်မတော်သားများက မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ သဲအိတ်များချခြင်းနှင့်

စာမျက်နှာ ၁၃ ကော်လံ ၁

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့မြန်မာစံတော်ချိန် ည ၆ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့တွင်ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

## ဆီးဂိမ်းတွင် ပီတန်းအပွဲအနေဖြင့် အနည်းဆုံး ရွှေတံဆိပ်တစ်ခုရရှိရန် မျှော်မှန်း

စာ- ၃၀ သို့

## လက်ကိုစနစ်တကျဆေးကြောသန့်စင်ခြင်းဖြင့် သင့်မိသားစုရောဂါဘယ ကင်းဝေးစေမည်။




## ဖလမ်းမြို့၌ မြေကျွံကျမှုကြောင့် နေအိမ်လေးလုံးဖျက်သိမ်း



ဖလမ်းမြို့ တလန်လိုရပ်ကွက်တွင် မြေကျွံနေမှုကို တွေ့ရစဉ်။

ဖလမ်း ဇူလိုင် ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ တလန်လိုရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ဒေါ်အီယန်းကျင်၊ ဒေါ်တလွန်းသင်ဒိမ့်၊ ဦးနွတ်နှင့် ဦးထွင်မှုန်းတို့နေအိမ်များရှေ့မြေသားသည် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဇူလိုင် ၁၄ ရက် ညနေပိုင်းကစ၍ တဖြည်းဖြည်းကျွံကျလျက်ရှိပြီး ယခုအခါ ၅ ပေခန့်ရောက်ရှိနေပြီဖြစ်သောကြောင့် ယနေ့ နံနက်ပိုင်းမှစ၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အဆိုပါလူနေအိမ်များဖျက်သိမ်းခြင်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

"ကျွန်မတို့ရဲ့နေအိမ်တွေ အခုလိုမြေသားကျွံကျပြီး ဖျက်လိုက်ရလို့ နေစရာအိမ်မရှိတော့တဲ့အတွက် နီးစပ်ရာ

စာမျက်နှာ ၁၇ ကော်လံ ၃

## စင်ကာပူဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာကစားသမားများ အသင်းလိုက်ပြိုင်ပွဲ၌ စတုတ္ထအဆင့်ရပ်တည်

ရန်ကုန် ဇူလိုင် ၁၅

စင်ကာပူနိုင်ငံ Singapore Island Country Club ၌ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိကျင်းပသည့် 70th Singapore Open Amateur Golf Championship ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးအားကစားသမားများအနေဖြင့် အသင်းလိုက်ပြိုင်ပွဲ၌ စတုတ္ထအဆင့်ရပ်တည်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျ၊ မြန်မာ၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ ဗီယက်နမ်၊ နီပေါ၊ အင်္ဂလန်၊ ရိုမေးနီးယားနှင့် ကိုရီးယား စသည့်နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အားကစားသမားပေါင်း ၁၀၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁

## ရွှေဒါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး ၂၀၁၇ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H&S Group နှင့် LETHWEI NATION Group မှ တာဝန်ယူကျင်းပသော ရွှေဒါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး ၂၀၁၇ ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်ထိုးသတ်သော ရိုးရာလက်ဝှေ့သမားများမှာ ပညာစုံထုတ်သုံးပြီး အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သောကြောင့် လာရောက်ကြည့်ရှုကြသော ပရိသတ်များအကြိုက်တွေ့ခဲ့သည်။

ပွဲစဉ်ပေါင်း ၁၁ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ရှုံးထွက်ပွဲစဉ်များဖြစ်သဖြင့် ပါဝင်ထိုးသတ်သောလက်ဝှေ့သမားများမှာ

စာမျက်နှာ ၁၇ ကော်လံ ၁

www.facebook.com/themyawadydaily
www.facebook.com/themyawadydaily